# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၁၈)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလဆန်း ၁၁ ရက် ၊ ၂၈-၃-၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးစဉ်။

# (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပြုလုပ်

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် မတ် ၂၇

(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို ယနေ့ ညပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားသည်။

**စစ်ရေးပြအစီအစဉ်အတိုင်းဆောင်ရွက်**

ဦးစွာ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီး စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြစစ်ကြောင်းကြီးများ အလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

စာမျက်နှာ ၅ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**လာမည့် ၈နေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး မန္တလေးတိုင်းဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ မတ် ၂၈ ရက်၊ စနေနေ့။

# နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိ

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေး၊ အားကစားနည်းအလိုက် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိစေရေးနှင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရေးတို့အတွက် အားကစားကဏ္ဍနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် အားကစားနှင့်ကာယပညာဦးစီးဌာန အစီအစဉ်ဖြင့် နွေရာသီအခြေခံရေကူးသင်တန်းများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၊ ရန်ကုန်မြို့ရှိ ဦးဝိစာရရေကူးကန်နှင့် မြောက်ဒဂုံရေကူးကန်တို့တွင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက မတ် ၂၆ရက် နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ရေကူးကန်၌ ကျင်းပခဲ့သည့် နွေရာသီအခြေခံရေကူးသင်တန်း အမှတ်စဉ် (၁/၂၀၂၆)သင်တန်းဆင်းပွဲ၌ ပြောကြားခဲ့သည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အားကစားနှင့် ကာယပညာကော်မတီများနှင့်ပူးပေါင်းပြီး တစ်ပြည်လုံးအတိုင်းအတာဖြင့် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အားလပ်ချိန်တွင် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရေးနှင့် ရေကူးအားကစားနည်းကို အရှိန်အဟုန်မြင့် ဆက်လက်လေ့ကျင့်နိုင်စေရန် ဝဏ္ဏသိဒ္ဓိ ရေကူးအသင်းကို ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် နည်းစနစ်နှင့် ကျွမ်းကျင်မှုများကိုအခြေခံ၍ အဆင့်မြင့်အားကစားပညာရပ်များကို ဆက်လက်လေ့လာလိုက်စားပြီး နိုင်ငံတကာရေကူးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်၍ ဆုတံဆိပ်များ ရယူပေးနိုင်ပြီး နိုင်ငံ့ဂုဏ်မြှင့်တင်ပေးနိုင်သည့် ရေကူးအားကစားသမားများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

ဆုပေးပွဲတွင် အသက်(၁၆)နှစ် အထက် အမျိုးသား၊ အမျိုးသမီး နွေရာသီအခြေခံရေကူး သင်တန်းပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် သင်တန်းသား၊ သင်တန်းသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို ဒုတိယဝန်ကြီး ဦးထိန်လင်းက လည်းကောင်း၊ တာဝန်ရှိသူများက နွေရာသီအခြေခံရေကူးသင်တန်း ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများကို တစ်ဦးချင်း ဆုတံဆိပ်နှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား၊ သင်တန်းသူများ၏ သရုပ်ပြရေကူးနေမှုကို ကြည့်ရှုအားပေးကြသည်။

အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ ကျန်းမာကြံ့ခိုင်မှုမြင့်မားလာစေခြင်းအပြင် ပြည်သူလူထုတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာစေရေး၊ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသားလူငယ်များ အားကစားနည်းအခြေခံများကို လေ့လာလိုက်စားခြင်းဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်လာစေရေး၊ ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးမြင့်မားသည့် အားကစားမောင်မယ်များ ထွက်ပေါ်လာစေရေးတို့ကို ရည်ရွယ်ပြီး နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# မြစ်သားမြို့နယ်၊ ရွှေကြာအင်းကျေးရွာ၌ ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မြစ်သား မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ရွှေကြာအင်းကျေးရွာ၌ ဒေသခံတောင်သူများ စီးပွားဖြစ်စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြစ်သားမြို့နယ်အနေဖြင့် ပဲတီစိမ်းစိုက်ပျိုးရာတွင် မတ်လနှင့် ဧပြီလများတွင် ကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး အထွက်နှုန်း ကောင်းမွန်စေရန်အတွက် မိရိုးဖလာ(ပက်ကြဲ)စနစ်အပြင် သိပ္ပံနည်းကျ စိုက်ပျိုးခြင်းဖြစ်သော(ပေါင်ကြီးတင်စနစ်)များဖြင့် အမျိုးမျိုး စိုက်ပျိုးကြသည်။ ပက်ကြဲစနစ်ဖြင့် စိုက်ပျိုးမည်ဆိုပါက လယ် မြေတစ်ဧကတွင် ပဲတီစိမ်း မျိုးစေ့ လေးပြည်ခန့် အသုံးပြုရပြီး သိပ္ပံနည်းကျ (ပေါင်ကြီးတင်စနစ်)ဖြင့် စိုက်ပျိုးပါက ပဲတီစိမ်း မျိုးစေ့ နှစ်ပြည်ခန့် အသုံးပြုစိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုးစေ့ဖိုး၊ မြေပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ မြေဩဇာဖိုး၊ ဖျန်းဆေးဖိုး များနှင့် ခူးဆွတ်ခ အပါအဝင် ငွေကျပ် လေးသိန်းခန့် ကုန်ကျသည်။ **(ယာပုံ)**

ပဲတီစိမ်း စိုက်ပျိုးရာတွင် အပင်အပြုအစုနှင့် ရာသီဥတု ကောင်းမွန်ပါက တစ်ဧကလျှင် ၁၀ တင်းမှ ၁၇ တင်းအထိ ထွက်ကြောင်း၊ ယခုနှစ်တွင် ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ အထွက်နှုန်းနှင့်ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ်ကြောင်း ရွှေကြာအင်းကျေးရွာနေ ပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူ ဦးဝင်းမြင့်ထံမှ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

၀-၀-၀-၀-၀



## သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# စက်သုံးဆီအရောင်းဆိုင်များ သတ်မှတ်ချက်နှင့်အညီ ရောင်းချမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေး

**မန္တလေး မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်သည် ရေနံထွက်ပစ္စည်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ လိုက်ပါ၍ စက်သုံးဆီအရောင်းဆိုင်များ သတ်မှတ်ချက်နှင့်အညီ ရောင်းချမှု ရှိ၊ မရှိ ကို ယနေ့ နံနက်ပိုင်းက မန္တလေး၊ မဟာအောင်မြေမြို့နယ် အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်က မဟာအောင်မြေမြို့နယ်အတွင်းရှိ MEC ဆီဆိုင်၊ BOC ဆီဆိုင်၊ ၃၆၀ ဆီဆိုင်၊ DENKO ဆီဆိုင်များအား စက်သုံးဆီများရောင်းချရာတွင် ပြည်သူများ ဆီအလုံအလောက်ရရှိစေရေးနှင့် ရက်ကြာကြာအသုံးပြုနိုင်စေရေး၊ စက်သုံးဆီ ပုံမှန်ရောင်းချပေးနိုင်ရေး၊ စက်သုံးဆီအရောင်းဆိုင်များတွင် ဆီလာထည့်သည့် မော်တော်ယာဉ်များကို စက်သုံးဆီချွေတာရေးနှင့် မလိုအပ်ဘဲဆီများ သိုလှောင်ခြင်းမပြုလုပ်ရန် မှာကြားပြီး စက်သုံးဆီအရောင်းဆိုင်များ ပုံမှန်ရောင်းချခြင်းမရှိပါက သက်ဆိုင်ရာဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပြီး အဆိုပါဆိုင်များကို ဥပဒေနှင့်အညီ ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ဆိုင်မန်နေဂျာနှင့် အရောင်းဝန်ထမ်းများအား ရှင်းလင်းပြောကြားပြီး စက်သုံးဆီများ ပုံမှန်ရောင်းချပေးနိုင်ရေး အသေးစိတ် မှာကြားခဲ့ကြောင်း သိရသည်။



**အောင်ဇော်မင်း**

# လားရှိုးမြို့တွင် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပြည်သူ့အကျိုးပြု စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**လားရှိုး မတ် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မတ် ၂၇ ရက်တွင် ကျရောက်သည့် (၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက လားရှိုးမြို့ ခုတင် (၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ ကျင်းပသည်။ **(ယာပုံ)**

ထိုသို့စုပေါင်းသွေးလှူဒါန်းရာတွင် လားရှိုးခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူ့အကျိုးပြု စုပေါင်းသွေးလှူဒါန်းခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းညွန့်ဦး၊ ခုတင် (၅၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာလှထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ သွေးလှူဒါန်းခဲ့သည့် ဝန်ထမ်းများအား အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှမော်(ပြန်/ဆက်)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ၂၀၂၆ ခုနှစ် မတ်  ၂၇ ရက်တွင် ကျင်းပသော(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း

ရဲဘော်တို့

ဒီနေ့ဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းနဲ့အတူ ယှဉ်တွဲပေါ်ပေါက်လာတဲ့ ဒို့တပ်မတော်ရဲ့ (၈၁)နှစ်မြောက် တပ်မတော်နေ့ဖြစ်တယ်။ တစ်နည်းအားဖြင့်ပြောရရင် နယ်ချဲ့စနစ်ကို တိုက်ထုတ်ပြီးခဲ့တဲ့နောက် ဒို့နိုင်ငံရဲ့ ပြည်သူတွေအပေါ်မှာ ဖိစီးနှိပ်စက်နေတဲ့ ဖက်ဆစ်ဝါဒီတွေကို တပ်မတော်နဲ့ပြည်သူ ပူးပေါင်းပြီး အောင်မြင်စွာ စတင်တွန်းလှန်ခဲ့တဲ့ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်ကို ဂုဏ်ပြုတဲ့ နေ့ထူးနေ့မြတ်လည်းဖြစ်တယ်။ နိုင်ငံတော်နဲ့ တပ်မတော်အတွက် ဒီလိုထူးခြားလေးနက်တဲ့ တပ်မတော်နေ့မှာ ရဲဘော်တို့ကို သိသင့်သိထိုက်တာတွေ လေးလေးနက်နက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့

ဒို့နိုင်ငံဟာ ရှေးပဝေသဏီကတည်းက ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်မှာ ခမ်းနားထည်ဝါစွာ ရပ်တည်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်။ ဒါပေမဲ့ ၁၉ ရာစုအတွင်းမှာ အင်္ဂလိပ်တို့ရဲ့ အကြောင်းပြချက်အမျိုးမျိုးနဲ့ မတရားကျူးကျော်သိမ်းပိုက်မှုကိုခံခဲ့ရပြီး လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးခဲ့ရတယ်။ ဒါကြောင့် ဆုံးရှုံးသွားတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရယူဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ရဲဘော်သုံးကျိပ်တို့ဟာ ဂျပန်တွေထံမှာ စစ်ပညာသင်ကြားခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို စတင်ဖွဲ့စည်းပြီး နယ်ချဲ့အင်္ဂလိပ်ကို ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုနဲ့ တိုက်ထုတ်ခဲ့ကြတယ်။

အင်္ဂလိပ်တို့ ဆုတ်ခွာထွက်ပြေးသွားချိန်မှာ ဂျပန်တို့က လွတ်လပ်ရေးပေးမယ်ဆိုတဲ့ ကတိကို ပျက်ကွက်ခဲ့တဲ့အပြင် တပ်မတော်ကိုလည်း အင်အားလျှော့ချခဲ့တယ်။ နောက်ပိုင်းမှာ အတုအယောင်ရှေ့ရည်စိမ်လွတ်လပ်ရေးပေးခဲ့ပြီး ပြည်သူတွေအပေါ်မှာ မမျှော်လင့်ဘဲ ဆိုးရွားစွာနှိပ်စက်မှုတွေ ပြုလုပ်လာခဲ့တာကြောင့် ဒို့တပ်မတော်အနေနဲ့ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်မှာ သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနဲ့အတူ လက်တွဲဆင်နွှဲခဲ့ကြတယ်။ အဲဒီအချိန်ကစပြီး တပ်မတော်ဟာ မြန်မာနိုင်ငံ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ကို တိုင်းတစ်ပါးအုပ်စိုးမှုအောက်မှ အပြီးတိုင် လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ပေးခဲ့တယ်။

လွတ်လပ်ရေးဆိုတာ အချုပ်အခြာအာဏာပိုင်ခြင်းဖြစ်ပြီး ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးဆိုတဲ့ အာဏာကြီး (၃) ရပ်ကို နိုင်ငံသားတိုင်းက ကိုယ့်တိုင်းပြည်အခြေအနေနဲ့ ကိုက်ညီအောင် လွတ်လွတ်လပ်လပ်ဆုံးဖြတ်ပြဋ္ဌာန်းပြီး စီမံဆောင်ရွက်ပိုင်ခွင့်ရှိမှုပဲဖြစ်တယ်။ ဒါကြောင့် အသက်၊ သွေး၊ ချွေး ဆုံးရှုံးမှုပေါင်းများစွာနဲ့ရယူခဲ့တဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမှာက ဒို့တပ်မတော်သားတွေအပါအဝင် နိုင်ငံသားအားလုံးရဲ့ မွေးရာပါသမိုင်းပေးတာဝန်ဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့

ဒို့တပ်မတော်ဟာ လွတ်လပ်ရေးရပြီးစ အချိန်ကတည်းကစပြီး နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ သွေးခွဲအုပ်ချုပ်မှုတွေကြောင့် သမိုင်းတစ်လျှောက် စုစုစည်းစည်းနေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသားတွေရဲ့ အထင်အမြင်လွဲမှားမှု၊ နိုင်ငံရေးအယူအဆကွဲပြားမှုနဲ့ တိုင်းရင်းသားအရေးတို့ကို အခြေခံတဲ့ ပြည်တွင်းသောင်းကျန်းမှုတွေ ပေါ်ပေါက်လာပြီး ပူပူနွေးနွေးရရှိထားတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်မဆုံးရှုံးရစေဖို့အတွက် ဒုတိယဗိုလ်ချုပ်ကြီးစမစ်ဒွန်း၊ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ တပ်မတော်ဟာ အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ်ကာကွယ်ပေးခဲ့တယ်။ အဲဒီလို ပြည်တွင်းရောင်စုံသောင်းကျန်းသူတွေကို နှိမ်နင်းနေစဉ်မှာပဲ တစ်ပြိုင်တည်းပေါ်ပေါက်လာတဲ့ တရုတ်ဖြူကူမင်တန်တွေနဲ့ မူဂျာဟစ် ကုလားဆိုးတွေရဲ့ ပြည်ပကျူးကျော်မှုအန္တရာယ်တွေကိုလည်း ဒို့တပ်မတော်က စွန့်လွှတ်စွန့်စားတဲ့စိတ်နဲ့ ကာကွယ်နှိမ်နင်းခဲ့ကြရတယ်။

ဒါ့အပြင် နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားတဲ့အရေးကိစ္စတွေနဲ့ ကြုံတွေ့ခဲ့ရချိန်တိုင်းမှာ တပ်မတော်အနေနဲ့ မှန်ကန်တဲ့ ရပ်တည်ချက်၊ မှန်ကန်တဲ့ အမျိုးသားရေးခံယူချက်တို့နဲ့အတူ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးခဲ့တယ်။ ဒါကြောင့် ဒို့တပ်မတော်အနေနဲ့ ဒို့တာဝန်အရေး(၃)ပါးကို ထိပါးလာမယ့် အန္တရာယ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတိုင်း နိုင်ငံတော်နဲ့ပြည်သူတို့ရဲ့ ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးခဲ့သလို နောင်အနာဂတ်ကာလမှာလည်း ဆက်လက်ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့

ဒို့နိုင်ငံဟာ လွတ်လပ်ရေးမဆုံးရှုံးခင်ကာလက ဘုရင့်နိုင်ငံအဖြစ် ရပ်တည်လာခဲ့ကြပေမယ့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းမှာတော့ ပါလီမန်ဒီမိုကရေစီစနစ်အပါအဝင် ပုံစံအမျိုးမျိုးနဲ့ တိုင်းပြည်ကို တည်ဆောက်ခဲ့ကြတယ်။ ဆိုရှယ်လစ်စနစ်နဲ့ တိုင်းပြည်ကို ခိုင်မာတဲ့ ပြည်ထောင်စုနိုင်ငံကြီးအဖြစ် တည်ဆောက်နေခဲ့တဲ့အချိန်မှာလည်း အချို့သောအားနည်းချက်၊ ပြည်တွင်းပြည်ပက သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူမှုအရေးအခင်းများနဲ့ ကြုံတွေ့လာရပြီး ၁၉၈၈ ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို ရယူခဲ့ရတယ်။ အဲဒီအချိန်ကစပြီး ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်တဲ့ တပ်မတော်ဟာ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေး အတွက် လိုအပ်တဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံအုတ်မြစ်တွေကို ချမှတ်ဖော်ဆောင်ပေးခဲ့သလို ပြည်သူများလိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ ဈေးကွက်စီးပွားရေးတို့ကို ဖော်ဆောင်ဖို့ မရှိမဖြစ်လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့တယ်။

ရဲဘော်တို့

ဒို့တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ ၂၀၁၀ ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြီး ပြည်သူများ လိုလားတောင့်တတဲ့ ဒီမိုကရေစီစနစ်ကို ညင်သာငြိမ်းချမ်းစွာ ကူးပြောင်းနိုင်ရေး ဦးစီးဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ဒါပေမဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ NLD အစိုးရရဲ့ ဆိုးရွားစွာပြုလုပ်ခဲ့တဲ့ မဲမသမာမှုတွေကြောင့် ရွေးကောက်ခံကိုယ်စားလှယ်တွေဟာ ဘယ်လိုမှ တရားဝင်ရပ်တည်နိုင်မှု မရှိတဲ့အတွက် ဒို့တပ်မတော်အနေနဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ကို ခေတ္တရယူထိန်းသိမ်းခဲ့ရတယ်။ ဒီလိုထိန်းသိမ်းခဲ့ရခြင်းဟာ တပ်မတော်အနေနဲ့ ပြည်သူအများ လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ပေးရမယ့် တာဝန်အရ ဆောင်ရွက်ခဲ့ရခြင်းသာဖြစ်တယ်။ လက်ရှိအချိန်မှာ ဒို့တပ်မတော်အနေနဲ့ ပေးထားတဲ့ကတိအတိုင်း ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်လို့ ဒို့တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာစေရေးအတွက် ရွေးကောက်ပွဲကတစ်ဆင့် အသစ်ပေါ်ထွန်းလာမယ့် အစိုးရသစ်ကို အထောက်အကူပြု ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့

နိုင်ငံတစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ အဲဒီနိုင်ငံရဲ့ ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်နိုင်ဖို့အတွက် ဖြစ်သင့်ဖြစ်ထိုက်တာတွေကို ဦးတည်ရေးဆွဲပြီး ပြဋ္ဌာန်းရတဲ့ ပင်မဥပဒေတစ်ရပ်ဖြစ်တယ်။ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံရဲ့ ပေါ်ပေါက်လာပုံ၊ သမိုင်းကြောင်းနောက်ခံအနေအထား၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ အခြားအခြေခံအချက်အလက်တွေကို မူတည်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရတာဖြစ်တယ်။ ဒို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှာလည်း တပ်မတော်ရဲ့ အခန်းကဏ္ဍများကို ထည့်သွင်းဖော်ပြထားတာ၊ **"ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ဖို့"** တပ်မတော်ကို တာဝန်ပေးထားတာတွေဟာ အတိတ်သမိုင်းစဉ်မှာ ကြုံတွေ့ခဲ့ရတဲ့ အားနည်းချက်တွေကို သင်ခန်းစာဖော်ထုတ်ပြီး ဒို့နိုင်ငံရဲ့ ပကတိအရှိတရားအရ မဖြစ်မနေလိုအပ်လို့ ထည့်သွင်းပြဋ္ဌာန်းထားတာဖြစ်တယ်။

ဒါ့အပြင် **"နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ဆောင်ရွက်နိုင်ရေးကို အစဉ်တစိုက် ဦးတည်သည်"** ဆိုတဲ့အချက်ကို ထည့်သွင်းပြဋ္ဌာန်းထားခြင်းဟာလည်း အဆိုးမြင်ဝါဒီများလှုံ့ဆော်နေသလို တပ်မတော်ဟာ နိုင်ငံရေးကို ဦးဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးအတွက်

စာမျက်နှာ ၄ သို့

❖ လွတ်လပ်ရေးဆိုတာ အချုပ်အခြာအာဏာပိုင်ခြင်းဖြစ်ပြီး ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးဆိုတဲ့ အာဏာကြီး (၃) ရပ်ကို နိုင်ငံသားတိုင်းက ကိုယ့်တိုင်းပြည်အခြေအနေနဲ့ ကိုက်ညီအောင် လွတ်လွတ်လပ်လပ်ဆုံးဖြတ်ပြဋ္ဌာန်းပြီး စီမံဆောင်ရွက်ပိုင်ခွင့်ရှိမှုပဲဖြစ်

❖ အသက်၊ သွေး၊ ချွေး ဆုံးရှုံးမှုပေါင်းများစွာနဲ့ ရယူခဲ့တဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမှာက ဒို့တပ်မတော်သားတွေအပါအဝင် နိုင်ငံသားအားလုံးရဲ့ မွေးရာပါ သမိုင်းပေးတာဝန်ဖြစ်

❖ လက်ရှိအချိန်မှာ ဒို့တပ်မတော်အနေနဲ့ ပေးထားတဲ့ကတိအတိုင်း ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်လို့ ဒို့တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာစေရေးအတွက် ရွေးကောက်ပွဲက တစ်ဆင့် အသစ်ပေါ်ထွန်းလာမယ့်အစိုးရသစ်ကို အထောက်အကူပြု ဆောင်ရွက်သွားမှာဖြစ်

☆ စာမျက်နှာ ၃ မှ

အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍမှာ ဒို့နိုင်ငံရဲ့လိုအပ်ချက်အရ တပ်မတော်အနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ဖို့ ပြဋ္ဌာန်းထားခြင်းဖြစ်တယ်ဆိုတာကို ရဲဘော်တို့အနေနဲ့ သိရှိနားလည်ထားကြရမှာဖြစ်တယ်။ အမျိုးသားနိုင်ငံရေးဆိုတာ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး(၃)ပါးအပေါ်မှာအခြေခံပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို အစဉ်ရှေးရှုဖော်ဆောင်ဖို့ရည်ရွယ်တဲ့ ထာဝရတည်မြဲတဲ့ နိုင်ငံရေးပဲဖြစ်တယ်။ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ ဒို့တပ်မတော်ရဲ့ ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်မှုဟာ သမိုင်းပေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်ရန်ပဲဖြစ်တယ်။ ဒါကြောင့် ဒို့တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့အကျိုးကို ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ကို အင်အားတောင့်တင်းပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိတဲ့ ခေတ်မီတပ်မတော်ဖြစ်စေရေးအတွက် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်လျက်ရှိတယ်။ ဒီလိုတည်ဆောက်တဲ့နေရာမှာ တိုက်စွမ်းရည်ပြည့်ဝစေဖို့အတွက် လေ့ကျင့်ရေးဟာ အဓိကမဏ္ဍိုင်တစ်ခုဖြစ်တယ်။ ဒါကြောင့် စစ်သည်တစ်ဦးချင်းစီအလိုက် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုရှိရမယ့် အရည်အချင်းများနဲ့ တပ်ဖွဲ့တစ်ခုချင်းစီအလိုက် ရှိရမယ့်အရည်အချင်းများ တိုးတက်လာအောင် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ လေ့ကျင့်မှုတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရမှာဖြစ်တယ်။ တိုက်စွမ်းအား ပြည့်ဝစေဖို့ဆိုရင် ခေတ်မီစစ်လက်နက်ပစ္စည်းများကို တပ်ဆင်ပေးသွားရမှာဖြစ်ပြီး ဒီလိုတပ်ဆင်ပေးနိုင်ဖို့အတွက် ပြည်တွင်းမှာပဲ သုတေသနပြုတီထွင်ထုတ်လုပ်လျက်ရှိသလို လိုအပ်တဲ့ဝယ်ယူဖြည့်တင်းမှုတွေလည်း ပြုလုပ်လျက်ရှိတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ နိုင်ငံတော်အတွက် အားထားဖွယ်ရာ အဖွဲ့အစည်းအဖြစ် ရပ်တည်နေနိုင်ခြင်းဟာ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုတို့ကြောင့်ဖြစ်တယ်။ ဒို့တပ်မတော် စတင်သန္ဓေတည်ခဲ့တဲ့ BIA လက်ထက် မျိုးချစ်စိတ်ဓာတ်ပြင်းထန်မှု၊ BDA လက်ထက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုတွေကို စနစ်တကျပေါင်းစပ်ပြီး ပြည်သူလူထုတစ်ရပ်လုံးနဲ့ ပူးပေါင်းတိုက်ခိုက်ခဲ့တာကြောင့် ဖက်ဆစ်တော်လှန်ရေးကြီးကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့တာပဲဖြစ်တယ်။ ဒါဟာ ဒို့တပ်မတော်ရဲ့ မှတ်ကျောက်တင်နိုင်ခဲ့တဲ့ အတိတ်သမိုင်းသာဓကတွေပဲဖြစ်တယ်။ ဒါကြောင့် ဒို့တပ်မတော်သားအားလုံးအနေနဲ့ အတိတ်သမိုင်းကြောင်းများကို နှံ့စပ်စွာသိမြင်နားလည်ကာ မျိုးချစ်စိတ်ဓာတ်ကိုအရင်းခံပြီး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်တဲ့၊ အမိန့်နာခံတတ်မှုနဲ့ ပြည့်စုံတဲ့ တပ်မတော်တစ်ရပ်ဖြစ်စေရေး ကိုယ်စီကြိုးစားကျင့်ကြံသွားကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

**ရဲဘော်တို့**

ပြည်ပကျူးကျော်သူတွေနဲ့ ကိုယ်ကျိုးရှာ နိုင်ငံရေးအင်အားစုတွေဟာ ဒို့တပ်မတော်ကို ပြိုကွဲအောင်ဖြိုခွဲဖို့အတွက် အတိတ်ကာလမှာ နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်ခဲ့ကြသလို လက်ရှိပစ္စုပ္ပန်ကာလမှာလည်း ဆောင်ရွက်နေကြဆဲဖြစ်တယ်။ အဲဒီလို လုပ်ဆောင်မှုတွေ ရှိနေပေမယ့်လည်း **"ဘယ်သူခွဲခွဲ ဒို့မကွဲ၊ အမြဲ စည်းလုံးမည်"** ဆိုတဲ့ တပ်မတော်ရဲ့ဆောင်ပုဒ်နဲ့အညီ တပ်တွင်းစည်းလုံးညီညွတ်ရေးကို ပိုမိုကျစ်လျစ်ခိုင်မာအောင် တည်ဆောက်သွားကြရမှာဖြစ်တယ်။

အခြေခံကျတဲ့တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာအောင်တည်ဆောက်ကြရမှာ ဖြစ်သလို တစ်ဖက်ကလည်း လက်တွေ့ဆန်တဲ့ တပ်ပြင်စည်းရုံးရေးလုပ်ငန်းတွေကိုလည်း အလေးထားလုပ်ဆောင်ကြရမှာဖြစ်တယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒို့တပ်မတော်သားတွေအနေနဲ့ **"ပြည်သူသာ အမိ၊ ပြည်သူသာ အဖ"** လို့ သဘောထားပြီး ဆောင်ရွက်သွားကြဖို့ လိုအပ်တယ်။

❖ **ဒို့နိုင်ငံအနေနဲ့ နိုင်ငံရေးစနစ်အရ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတာဖြစ်ပြီး နိုင်ငံတော်ရဲ့ဖွဲ့စည်းတည်ဆောက်ပုံစနစ်အရ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးခိုင်မာစေရေးကို ဦးတည်လျှောက်လှမ်းနေတာပဲဖြစ်**

❖ **ဖက်ဒရယ်စနစ်ဆိုတာ လူပုဂ္ဂိုလ်၊ လူမျိုးအတွက် ရည်ညွှန်းတာမဟုတ်ဘဲ ဒေသတစ်ခု၊ နယ်မြေတစ်ခုအပေါ် ရည်ညွှန်းဆောင်ရွက်ရတာဖြစ်တယ်။ ဒို့နိုင်ငံအနေနဲ့ ဖက်ဒရယ်စနစ်ကို ဖော်ဆောင်ကျင့်သုံးရာမှာလည်း ဖြတ်သန်းခဲ့ရတဲ့ သမိုင်းအဆက်ဆက်ရဲ့ အတွေ့အကြုံတွေအရ မိမိတို့နိုင်ငံနဲ့ကိုက်ညီတဲ့ ဒေသကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ကို ကျင့်သုံးသွားမှာဖြစ်**

**ရဲဘော်တို့**

ဖက်ဒရယ်အရေး၊ ဒီမိုကရေစီအရေးနဲ့ တိုင်းရင်းသားလူမျိုးရေးကို အကြောင်းပြပြီး လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်လိုတဲ့ အကြမ်းဖက်သမားများဟာ မူးယစ်ဆေးဝါးကုန်သွယ်မှုနဲ့ အဓိကဝင်ငွေရှာဖွေနေကြပြီး Online လိမ်လည်မှုနဲ့ Online လောင်းကစားမှုများအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများကိုလည်း ကျူးလွန်လျက်ရှိနေကြတယ်။ ဒီကိစ္စတွေဟာ အကြမ်းဖက်သောင်းကျန်းသူများ သက်ဆိုးရှည်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အန္တရာယ်ပေးနေတာကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အထူးစစ်ဆင်ရေးများနဲ့ တိုက်ဖျက်လျက်ရှိပြီး ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းလက်တွဲတိုက်ဖျက်လျက်ရှိကြောင်း အသိပေးပြောကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတစ်နိုင်ငံရဲ့ လုံခြုံရေးကဏ္ဍကို အသေးစိတ်လေ့လာကြည့်ရင် အခြေခံအကျဆုံးအချက်ဟာ ပြည်သူတစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝနဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုဖြစ်ကြောင်း တွေ့မြင်ရမှာဖြစ်တယ်။ ပြည်သူ့လုံခြုံရေးစနစ် ရာနှုန်းပြည့် လွှမ်းခြုံနိုင်ဖို့ဆိုရင် ပြည်သူတစ်ဦးချင်းစီတိုင်းမှာ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတွေရှိနေဖို့လည်း လိုအပ်တယ်။

❖ **နိုင်ငံတစ်နိုင်ငံရဲ့ လုံခြုံရေးကဏ္ဍကို အသေးစိတ်လေ့လာကြည့်ရင် အခြေခံအကျဆုံးအချက်ဟာ ပြည်သူတစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝနဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုဖြစ်ကြောင်း တွေ့မြင်ရမှာဖြစ်**

❖ **ပြည်သူ့လုံခြုံရေးစနစ် ရာနှုန်းပြည့် လွှမ်းခြုံနိုင်ဖို့ဆိုရင် ပြည်သူတစ်ဦးချင်းစီတိုင်းမှာ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတွေရှိနေဖို့လည်း လိုအပ်**

❖ **ပြည်သူများအနေနဲ့ ပြည်သူ့လူမှုစီးပွားဘဝလုံခြုံမှုအပြည့်အဝရရှိစေဖို့အတွက် ပြည်သူ့လုံခြုံရေး လုပ်ငန်းစဉ်တွေမှာ စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလို**

ဒို့နိုင်ငံအနေနဲ့လည်း ဖြစ်ပေါ်လာတဲ့ အကြမ်းဖက်ဖြစ်စဉ်များကို တားဆီးနှိမ်နင်းနိုင်ဖို့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေကို စနစ်တကျလေ့ကျင့်ဖွဲ့စည်းပြီး ပြည်သူ့လုံခြုံရေး (People Security) လုပ်ငန်းစဉ်တွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိတယ်။ ဒီလိုဆောင်ရွက်ရာမှာ နယ်မြေဒေသလုံခြုံရေးအတွက် ပြည်သူ့စစ်နဲ့ တိုင်းပြည်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းစနစ်ကို ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေတယ်။ ကမ္ဘာမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေတဲ့ နိုင်ငံများရှိနေတာကိုလည်း တွေ့မြင်နိုင်တယ်။ ပြည်သူများအနေနဲ့ ပြည်သူ့လူမှုစီးပွားဘဝ လုံခြုံမှုအပြည့်အဝရရှိစေဖို့အတွက် ပြည်သူ့လုံခြုံရေးလုပ်ငန်းစဉ်တွေမှာ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တာဝန်အရေး(၃)ပါးထဲက တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုတဲ့အချက်ဟာ ဒို့နိုင်ငံရဲ့ ပကတိလိုအပ်ချက်ဖြစ်တဲ့ ထာဝရငြိမ်းချမ်းရေးကို ညွှန်းဆိုခြင်းပဲဖြစ်တယ်။ ထာဝရငြိမ်းချမ်းရေးက ထွက်ပေါ်လာတဲ့ ရလဒ်ကောင်းတွေဟာ တပ်မတော်တစ်ရပ်၊ အဖွဲ့အစည်းတစ်ရပ်အတွက်မဟုတ်ဘဲ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် ဆိုတာကို လေးလေးနက်နက် သိမြင်ကြဖို့လိုအပ်တယ်။ ဒါကြောင့် ခေတ်အဆက်ဆက် တိုင်းရင်းသားလက်နက်ကိုင်များနဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကိုလည်း ကြိုးစားဆောင်ရွက်ခဲ့တာ တွေ့ရမှာဖြစ်တယ်။

တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးကို စတင်ထုတ်ပြန်ခဲ့ပြီး တစ်ဖက်သတ်အပစ်အခတ်ရပ်စဲမှုတွေကိုလိုက်လျောဆောင်ရွက်ပေးခဲ့တယ်။ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ရက်မှာ **" ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို မိမိကိုယ်တိုင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်သွားမယ်"** ဆိုတဲ့ ငြိမ်းချမ်းရေးမိန့်ခွန်းနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များနဲ့ ကိုယ်တိုင်ကိုယ်ကျဆွေးနွေးမှုတွေ ပြုလုပ်နိုင်ခဲ့တယ်။ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်ဖြည့်စွက်ရန်အတွက် သဘောတူညီချက် ၄၃ ချက်ကို လက်မှတ်ရေးထိုးအတည်ပြုနိုင်ခဲ့တဲ့အပြင် ယခင်အစိုးရများလက်ထက် ငြိမ်းချမ်းရေးညီလာခံရလဒ်များမှ စုစည်းထားတဲ့ ပြည်ထောင်စုသဘောတူညီချက် (Union Accord) များကို ပြည်ထောင်စုလွှတ်တော်မှာ စုစည်းတင်ပြပြီး ပြင်ဆင်နိုင်ရေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့နိုင်ငံအနေနဲ့ နိုင်ငံရေးစနစ်အရ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတာဖြစ်ပြီး နိုင်ငံတော်ရဲ့ဖွဲ့စည်းတည်ဆောက်ပုံစနစ်အရ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး ခိုင်မာစေရေးကို ဦးတည်လျှောက်လှမ်းနေတာပဲဖြစ်တယ်။ ဖက်ဒရယ်စနစ်ဆိုတာ လူပုဂ္ဂိုလ်၊ လူမျိုးအတွက် ရည်ညွှန်းတာမဟုတ်ဘဲ ဒေသတစ်ခု၊ နယ်မြေတစ်ခုအပေါ် ရည်ညွှန်းဆောင်ရွက်ရတာဖြစ်တယ်။ ဒို့နိုင်ငံအနေနဲ့ ဖက်ဒရယ်စနစ်ကို ဖော်ဆောင်ကျင့်သုံးရာမှာလည်း ဖြတ်သန်းခဲ့ရတဲ့ သမိုင်းအဆက်ဆက်ရဲ့ အတွေ့အကြုံတွေအရ မိမိတို့နိုင်ငံနဲ့ကိုက်ညီတဲ့ ဒေသကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ကို ကျင့်သုံးသွားမှာဖြစ်တယ်။

ယခုဆိုရင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကတစ်ဆင့် ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မယ့် ပြည်သူ့ကိုယ်စားလှယ်တွေ ထွက်ပေါ်ခဲ့ပြီး လွှတ်တော်အသီးသီးရဲ့ အစည်းအဝေးများ စတင်ကျင်းပနေပြီ ဖြစ်တယ်။ ပြည်သူတစ်ဦးချင်းစီက စက်ခလုတ်နှိပ်ပြီးပေးခဲ့ကြတဲ့ မဲတစ်မဲစီဟာ ပြည်သူတစ်ဦးချင်းစီရဲ့ ဦးနှောက်နဲ့ နှလုံးသားများဖြစ်လို့ ပေါ်ထွက်လာခဲ့တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဟာလည်း နိုင်ငံ့အရေးကို အမြော်အမြင်ရှိရှိ၊ သစ္စာရှိရှိနဲ့ အလေးအနက်ထား ကြိုးပမ်းထမ်းရွက်ကြဖို့ လိုအပ်မှာပဲဖြစ်တယ်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေနဲ့လည်း ခိုင်မာတဲ့အစိုးရတစ်ရပ်ပေါ်ပေါက်ပြီး နိုင်ငံရေးခရီးလမ်းမှာ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်တဲ့အထိ ဆောင်ရွက်ပေးသွားမှာဖြစ်သလို တပ်မတော်အနေနဲ့လည်း နိုင်ငံ့အရေးအတွက် အမြဲအသင့်ရှိနေမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ ဒို့တပ်မတော်ဟာ ခေတ်အဆက်ဆက် နိုင်ငံတော်နဲ့ ပြည်သူလူထုအကျိုးကို ဦးထိပ်ထားတာဝန်ထမ်းဆောင်ခဲ့တယ်။ လက်ရှိကာလမှာလည်း **"ပြည်သူသာ အမိ၊ ပြည်သူသာ အဖ"** ဆိုတဲ့ခံယူချက်နဲ့ နိုင်ငံနဲ့ပြည်သူ့အကျိုးကို ကာကွယ်လျက်ရှိနေတယ်။ နောင်မှာလည်း ပြည်သူကအားကိုးရတဲ့၊ နိုင်ငံတော်က အားထားရတဲ့ ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ခိုင်ခိုင်မာမာရပ်တည်သွားကြပါစို့လို့ပြောကြားရင်း နိဂုံးချုပ်လိုက်တယ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား စစ်ရေးပြစစ်ကြောင်းကြီးများက ချီတက်အလေးပြုစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌ ဆက်လက်နေရာယူပြီး ယန္တရားစစ်ကြောင်းမှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းအောင် ဦးဆောင်၍ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ ဒုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု ယန္တရားတပ်ခွဲတို့က ချီတက်နေရာယူကြပြီး ဘက်ပိုက်တပ်စုက သတ်မှတ်နေရာတွင် နေရာယူသည်။

ယင်းနောက် တပ်ခွဲမှူး ဗိုလ်ကြီး ဒေါ်နှင်းနုရှိန် ဦးဆောင်သည့် တပ်မတော်(ကြည်း) အထူးတာဝန်တပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲနှင့် တပ်ခွဲမှူး ဗိုလ်မှူး ဝင်းသူထွန်း ဦးဆောင်သည့် တပ်မတော်(ရေ) အထူးတာဝန်တပ်ဖွဲ့ စစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြကွင်းကြီး အတွင်းသို့ ချီတက်နေရာယူကြသည်။

ဆက်လက်ပြီး စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် ရဲရင့်ဝင်း ဦးဆောင်၍ အလံတော်အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ကျော်မြဝင်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲတို့ပါဝင်သည့် အနော်ရထာစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် အောင်ကိုနိုင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ စစ်ကြောင်းကြီးများချီတက်ချိန်တွင် စစ်သည်များအား ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုစဉ်။

အရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့မြောက် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ပါဝင်သည့် ကျန်စစ်သားစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် မျိုးဟိန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄) တို့ပါဝင်သည့် ဘုရင့်နောင် စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းထက် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု အမျိုးသမီး စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု အမျိုးသမီးစစ်ရေးပြ တပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း)ကိုယ်စားပြု အမျိုးသမီး စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြ တပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း)ကိုယ်စားပြု အမျိုးသမီး (ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၄)တို့ပါဝင်သည့် အောင်ဇေယျစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်ဇော်ထွန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) **စာမျက်နှာ ၆ သို့ »»»**




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည် မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ၊ ရုပ်ရှင်ဂီတ အနုပညာရှင်များ၊ ဒေသခံ မိဘပြည်သူများက စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။



ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် စည်သူ ရဲဝင်းဦးနှင့် ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းတို့ အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြား စစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများအား တွေ့ရစဉ်။

»»» စာမျက်နှာ ၅ မှ

ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု အမျိုးသမီး (ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)တို့ ပါဝင်သည့် ဆင်ဖြူရှင်စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဖေသက်ထွန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ လေကြောင်းချီ စစ်ရေးပြတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လျှပ်စစ်နှင့်စက်မှု အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် ဗန္ဓုလစစ်ကြောင်း။

စစ်ကြောင်းမှူး ရဲမှူးချုပ် ဝင်းဇော်နိုင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု အမျိုးသမီးစစ်ရေးပြ တပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု အမျိုးသမီးစစ်ရေးပြ တပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု အမျိုးသမီးစစ်ရေးပြ တပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၃)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)တို့ ပါဝင်သည့် အောင်ဆန်းစစ်ကြောင်း တို့က စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ စစ်ရေးပြကွင်းအတွင်းသို့ အစီ အစဉ်အတိုင်း ချီတက်ကြသည်။



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ယန္တရားစစ်ကြောင်းကြီးများ ချီတက်လာစဉ်။

ထိုသို့ချီတက်ချိန်တွင် နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်း ရေးမှူး ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီး ချုပ်(ရေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီး ချုပ်(လေ)၏ ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိ ကြီးများ၏ ဇနီးများက ဂုဏ်ပြု ပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။

အလားတူ ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီး တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဝန်ကြီးဌာနအသီးသီး မှ နိုင်ငံ့ဝန်ထမ်းများ၊ ရုပ်ရှင်ဂီတ အနုပညာရှင်များ၊ ဒေသခံ မိဘ ပြည်သူများကလည်း စစ်ကြောင်း ကြီးများ ချီတက်ရာလမ်း တစ်လျှောက် သောင်းသောင်းဖြဖြ ကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများ စွပ်၍ ကြိုဆိုခဲ့ကြပြီး စစ်ကြောင်း ကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ဓာတ်သွေး၊ ဓာတ်မာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေး သီဆိုချီတက်လာကြပြီး စစ်ရေးပြ ကွင်းအတွင်းသို့ ရောက်ရှိနေရာယူ ကြသည်။



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်လာစဉ်။

အဆိုပါ (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်း အနားသို့ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် စည်သူ ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် သရေစည်သူ ကျော်စွာလင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် စည်သူ ထွန်းအောင်၊ ကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိ ကြီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် များ၏ မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွှတ်လပ်ရေး မော်ကွန်းဝင် ပုဂ္ဂိုလ်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစား သံအမတ်ကြီးများ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူး များနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံ လုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ များမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူ များ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့ သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရ ဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိ ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိခဲ့ကြသည့် အရာရှိ၊ တပ်မတော် သား မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အသွင်ပြောင်း ပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့် ဗဟိုအကြံပေး ကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီး မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်

စာမျက်နှာ ၇ သို့ »»»





(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။





(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။

»» စာမျက်နှာ ၆ မှ

တာဝန်ရှိသူများ၊ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့ အလှူရှင်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းသို့ရောက်ရှိပြီး အလေးပြုခုံစင်မြင့်၌ နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။ ထိုသို့ စစ်ကြောင်းကြီးများ၏ အလေးပြုခြင်းကို ခံယူနေချိန်တွင် ဂုဏ်ပြုအမြောက်တပ်ဖွဲ့ကလည်း အမြောက် ၁၉ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်သည်။

ထိုသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် စစ်ရေးပြကွင်းသို့ ရောက်ရှိစဉ် MiG-29 ဘက်စုံသုံး တိုက်လေယာဉ် တစ်စင်းက ရှုရပ်ရှေ့တည့်တည့်မှ မီးကျည်များ ထုတ်လွှတ်၍ အလေးပြုပျံသန်းသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားသည်။ **(မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၃၊ ၄ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက်နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲရင့်ဝင်းဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ညီညာစွာ ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ MTX-1A လေယာဉ် တစ်စင်းနှင့် PT-6 လေယာဉ် နှစ်စင်းတို့က ရှုရပ်၏ ရှေ့တည့်တည့်မှ Composite Formation ပုံစံဖြင့် လည်းကောင်း၊ Mi-17 ရဟတ်ယာဉ် နှစ်စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍ လည်းကောင်း၊ Mi-2M ရဟတ်ယာဉ် နှစ်စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍လည်းကောင်း၊ H-125 ရဟတ်ယာဉ် နှစ်စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍လည်းကောင်း၊ Bell-206 ရဟတ်ယာဉ် နှစ်စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍လည်းကောင်း၊ Eurocopter ရဟတ်ယာဉ် နှစ်စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍လည်းကောင်း၊ H-125 ရဟတ်ယာဉ် နှစ်စင်းက ရှုရပ်၏ အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှ ဝင်ရောက်လာပြီး Echelon Formation ပုံစံဖြင့် ဒုတိယအကြိမ် ပျံသန်း၍ လည်းကောင်း၊ Bell-206 ရဟတ်ယာဉ် နှစ်စင်းက ရှုရပ်၏ ရှေ့တည့်တည့်မှ ဝင်ရောက်ပြီး Echelon Formation ပုံစံဖြင့် ဒုတိယအကြိမ် ပျံသန်း၍လည်းကောင်း၊ Eurocopter ရဟတ်ယာဉ်နှစ်စင်းက ရှုရပ်၏အရှေ့ညာ ၄၅ ဒီဂရီမှ ဝင်ရောက်လာပြီး Echelon Formation ပုံစံဖြင့် ဒုတိယအကြိမ် ပျံသန်း၍လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ် တစ်စင်းက ရှုရပ်၏ အရှေ့ဘယ် ၄၅ ဒီဂရီ မြင်ကွင်းမှပျံသန်း၍ လည်းကောင်း၊

စာမျက်နှာ ၈ သို့ »»



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ယန္တရားစစ်ကြောင်းကြီးများ ချီတက်လာစဉ်။





စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ လေယာဉ်များ သရုပ်ပြပျံသန်းကြစဉ်။

»»» စာမျက်နှာ ၇ မှ

BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းက ရှုရပ်၏ အရှေ့ညာ ၄၅ ဒီဂရီမြင်ကွင်းမှ ပျံသန်း၍ လည်းကောင်း၊ATR 72 သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းက ရှုရပ်၏ ရှေ့တည့်တည့်မှ ပျံသန်း၍လည်းကောင်း၊ K-8 W တိုက်ခိုက်ရေး လေယာဉ် နှစ်စင်းက Echelon Formation ပုံစံဖြင့် ရှုရပ်၏ ရှေ့ညာ ၄၅ ဒီဂရီ မြင်ကွင်းမှ ပျံသန်း၍ လည်းကောင်း၊ Su-30 SME စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်သုံးစင်းက ရှုရပ်၏အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှ ဝင်ရောက်ကာ Arrow Head Formation ပုံစံဖြင့် လည်းကောင်း၊ Su-30 SME စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်သုံးစင်းက ပွဲကြည့်စင်နောက်မှ ရှုရပ်၏ အရှေ့ဘက်သို့ပျံသန်း၍ Flare မီးကျည်များ ထုတ်လွှတ်၍လည်းကောင်း အသီးသီး သရုပ်ပြပျံသန်းကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ယင်းနောက်နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တက်ရောက် လာကြသည့် ဧည့်သည်တော်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကာ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာခဲ့ပြီး ၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

(၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ ကျင်းပသော နေပြည်တော် စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ကြေးရုပ်တုကြီးများကို လည်းကောင်း၊ တပ်မတော်နေ့ မီးရှူးတိုင်နှင့် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တံဆိပ်ကြီးကို လည်းကောင်း ဝင့်ထည်စွာတွေ့မြင်နိုင်သည့်အပြင် ဗမာ့လွတ်လပ်ရေး တပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံး အလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ် အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ အမှတ်တံဆိပ်ပါ ရောင်စုံအလံများ တလွင့်လွင့်လွင့်ထူထားကြသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပြီး စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင် အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့် လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များအသုံးပြု၍ စစ်ကြောင်းကြီးများ၏ ကိုယ်စားပြုအရောင်များ အတိုင်း ပြောင်းလဲအလှဆင်၍ လည်းကောင်း၊ လမ်းဘေးဝဲ၊ ယာ တစ်လျှောက်၌လည်း မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံ အလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍ လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့် မျက်နှာမူရာရှိသစ်ပင်များ၌လည်း Handmade အလှမီးများဖြင့် လည်းကောင်း၊ မင်းကြီးသုံးပါး ရုပ်တုအောက်ခံ၌ တပ်မတော်အလံ ပုံဖော်ထားသည့် ကြယ်တံဆိပ် နှစ်ခုအား LED Strip Light များဖြင့် လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြန်လည် ထွက်ခွာမည့် လမ်းတစ်လျှောက်တွင်လည်း Flag Light Box များ၊ LED Strip Light များဖြင့် အသီးသီးပုံဖော် အလှဆင်ထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်လာစဉ်။

ထို့အပြင် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေး ကားလမ်းမနှင့်ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဓာတိသွေး၊ ဓာတိမာန် တက်ကြွစေမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိပြီး စစ်ရေးပြကွင်းကြီးသို့ ချီတက်ရာ လမ်းတစ်လျှောက်တွင် လည်း တပ်မတော်၏ ဆောင်ပုဒ်များကို LED ဆိုင်းဘုတ်များအသုံးပြု၍ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် စာတန်းများ ရေးထိုးထားရှိကြောင်း သိရသည်။

သတင်းစဉ်



စစ်ရေးပြစစ်ကြောင်းကြီးများ စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းနှင့်တပ်မတော်အရာရှိကြီးများ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချအလေးပြု



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းနှင့်တပ်မတော်အရာရှိကြီးများ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် အသက်စွန့်လွှတ်ပေးလှူခဲ့ရသည့် သူရဲကောင်းစစ်သည်များအား အလေးပြုကြစဉ်။

နေပြည်တော် မတ် ၂၇

ယနေ့တွင် ကျရောက်သည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန် (နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချ အလေးပြုခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်း တက်ရောက်၍ ဂုဏ်ပြုပန်းခြင်းချ အလေးပြုသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦး၊ ကော်မရှင် အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်၊ အငြိမ်းစား တပ်မတော် အရာရှိကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီး များ တက်ရောက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်း သူရဲကောင်းဗိမာန် (နေပြည်တော်) ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် တပ်မတော် အရာရှိကြီးများသည် သူရဲကောင်းဗိမာန် အတွင်းနှင့် ရင်ပြင်တွင် နေရာယူကြကာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြု ပန်းခြင်းချပြီး တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီး များနှင့်အတူ နိုင်ငံတော်ကာကွယ် ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် အသက်စွန့်လွှတ် ပေးလှူခဲ့ရသည့် သူရဲကောင်း စစ်သည်များအား အလေးပြုကြ သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်နှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် သူရဲကောင်းဗိမာန် (နေပြည်တော်) ဧည့်သည်တော် မှတ်တမ်းစာအုပ် တွင် လက်မှတ်ရေးထိုးကြပြီး သူရဲကောင်းဗိမာန် အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ သူရဲကောင်းဗိမာန် (နေပြည်တော်)ကို နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်ကို စွန့်လွှတ်ခဲ့ရသည့် မြန်မာသူရဲကောင်းများကို ဂုဏ်ပြု ရန်၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်စွာအုပ်ချုပ်ခွင့် ရရှိပြီး သည့်နောက် အသိအမှတ်ပြု ဖွယ်ရာ ရဲစွမ်းသတ္တိရှိစွာ ကြိုးစား အားထုတ်မှုများ ပြုလုပ်ရာတွင် အသက်ကို စွန့်လွှတ်ခဲ့သည့် သူရဲကောင်းများကို ဂုဏ်ပြု ရန်၊ ယင်းသူရဲကောင်းများအား နောင်လာနောက်သားများ အမြဲ အမှတ်ရနေစေရန်နှင့် မျိုးဆက် သစ်လူငယ်များ၏ စိတ်ထဲတွင် နိုင်ငံတော်ကို ချစ်သည့်စိတ်နှင့် နိုင်ငံတော်အတွက် စွန့်လွှတ် စွန့်စားလိုသည့် စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗိမာန်အတွင်းနံရံများ၌ နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရင်း အသက်စွန့်လွှတ် ပေးလှူခဲ့ရသည့် အောင်ဆန်း သူရိယဘွဲ့ရရှိခဲ့သူ၊ သီဟသူရဘွဲ့ ရရှိခဲ့သူ၊ သူရဘွဲ့ရရှိခဲ့သူ၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိခဲ့သူများ၏ အမည်များကို ဂရင်းနိုက် ကျောက်ပြားပေါ်၌ ရွှေစာလုံးများဖြင့် ရေးထွင်း မှတ်တမ်းတင် ဂုဏ်ပြုထားရှိ ကြောင်းနှင့် ဗိမာန်၏အပြင်ဘက် တွင်လည်း အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူ စစ်သည် ငါးဦးနှင့် အရပ်သားတစ်ဦးတို့၏ ပုံတူများ ကို ဂုဏ်ပြုစိုက်ထူထားရှိကြောင်း သိရသည်။ သတင်းစဉ်

## ကျွန်းလှမြို့နယ်၌ နှစ်ရှည်ပင်မျိုးစုံ ဧက ၂၇၀၀ ကျော် စိုက်ပျိုးထား



**ကျွန်းလှ မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် တွင် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြပြီး စပါးအပြင် သီးနှံ မျိုးစုံ စိုက်ပျိုးထုတ်လုပ်ကြရာ နှစ်ရှည်ပင်မျိုးစုံ ဧက ၂၇၀၀ ကျော် စိုက်ပျိုးထားကြောင်း မြို့ နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရ သည်။

"ကျွန်းလှမြို့နယ်မှာ နှစ်ရှည် ပင်များအဖြစ် လျှော်ဖြူ၊ သရက်၊ နဂါးမောက်၊ ငှက်ပျော၊ မာလကာ၊ ရှောက်၊ သံပရာ၊ ကွမ်းရွက်၊ ဆီးသီးနဲ့ သစ်သီးပင်များ အများ ဆုံးစိုက်ပျိုးကြပါတယ်။ နှစ်ရှည် ပင်စိုက်ခင်းများအတွင်း သီးညှပ် စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်"ဟု မြို့ နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့် မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် နှစ်ရှည် ပင်စိုက်ပျိုးမှုအဖြစ် ပရဆေး ၅၈၅ ဧက၊ လျှော်ဖြူ ၅၈၄ ဧက၊ ထန်း ဧက ၂၀၊ အုန်း ၂၃၃ ဧက၊ ငှက်ပျော ၂၀၆ ဧက၊ ကွမ်းသီး ၁၃ ဧက၊ ကွမ်းရွက် ၅၄ ဧက၊ သစ်သီးပင် ၈၈၁ ဧက၊ ကြယ်ပဲ ၁ ဧက၊ အခြားမစားသုံးပင် ၁၄၂ ဧက စုစုပေါင်း ၂၇၁၉ ဧက စိုက်ပျိုးထားကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများ အရ သိရသည်။ (ယာပုံ)

(၄၈၀)

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ။**


○ စာမျက်နှာ ၂၄ မှ

ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များ၏ ကျန်းမာရေး အခြေအနေများအား တစ်ဦးချင်း မေးမြန်းအားပေးစကားပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုပေးအပ်သည့် ဂါရဝပြုချီးမြှင့်ငွေ တစ်ဦးလျှင် ငွေကျပ်သိန်း ၅၀ နှင့် အားဖြည့်ဂှက်သိုက်များကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂါရဝပြု ပေးအပ်သည်။ (ယာပုံများ)

**စားသောက်ဖွယ်ရာများ**
**အတူတကွသုံးဆောင်**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် တာဝန်ရှိသူများသည် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များနှင့် အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများအတူတကွ သုံးဆောင်ကြသည်။





ယခု ၂၀၂၆ ခုနှစ်တွင် ကျရောက်သော (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေသည့် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များဖြစ်ကြသည့် လွတ်လပ်ရေး မော်ကွန်းဝင် တတိယအဆင့် ဦးအေးသိန်းသည် အသက် ၉၈ နှစ်၊ လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယအဆင့် ဦးကျော်စိန်သည် အသက် ၁၀၁ နှစ်နှင့် လွတ်လပ်ရေး မော်ကွန်းဝင် တတိယအဆင့် ဦးဉာဏ်အေးသည် ၁၀၂ နှစ် တို့ဖြစ်ကြပြီး ကျန်းမာသန်စွမ်းလျက်ရှိကြောင်းနှင့် ဂျပန်ခေတ်တော်လှန်ရေးများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့မှုများကို ပြန်လည်ပြောပြရင်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ကိန်းအောင်းလျက်ရှိကြကြောင်း သိရသည်။

သတင်းစဉ်

# (၈၁)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၇

(၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ စုရပ်သစ်တပ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်သရေစည်သူ ကျော်စွာလင်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဦးစွာ ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းအား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် ရဲရင့်ဝင်း ဦးဆောင်သည့် စစ်ရေးပြ စစ်ကြောင်းများက အလေးပြုကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**ပေးအပ်ချီးမြှင့်**

ထို့နောက်ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ် ပြည့်စုံလင်းက ဂုဏ်ပြုဆုများ ရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အထူးတပ်ဖွဲ့ စစ်ရေးပြတပ်ခွဲ၊ ယန္တရားတပ်ခွဲ ဂုဏ်ပြုဆုများရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ လေကြောင်းရန် ကာကွယ်ရေး တပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ ဒုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုယန္တရားတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ဂုဏ်ပြု အမြောက်တပ်ခွဲ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ ဗဟိုစစ်တီးဝိုင်း အဖွဲ့၊ လေအိတ်ပလွေတီးဝိုင်းအဖွဲ့၊ အောင်ဇေယျ စစ်ကြောင်း (အမျိုးသမီး)အလံအဖွဲ့၊ မြင်းစီးစစ်ရေးပြ တပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုရရှိသည့် ဆင်ဖြူရှင် စစ်ကြောင်းစစ်တီးဝိုင်းအဖွဲ့၊ အလံအဖွဲ့ အကောင်းဆုံးဆုရရှိသည့် ဘုရင့်နောင်စစ်ကြောင်း အလံအဖွဲ့၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) (အမျိုးသမီး) တပ်ခွဲ တတိယဆုရရှိသည့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြ တပ်ခွဲ (၁)၊ အကောင်းဆုံးစခန်း တတိယဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ စစ်ချီသီချင်း အကောင်းဆုံးတတိယဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ စစ်စည်းကမ်း အကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ စစ်ရေးပြ အကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ(၁)တို့အား ဂုဏ်ပြုဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက လေ့ကျင့်ရေး အကောင်းဆုံး တတိယဆုရရှိသည့် အနောက်တောင် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လေ့ကျင့်ရေးအကောင်းဆုံး ဒုတိယ ဆုရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ၊ လေ့ကျင့်ရေးအကောင်းဆုံး ပထမဆုရရှိသည့် မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(အမျိုးသမီး) တပ်ခွဲ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(အမျိုးသား)တပ်ခွဲ ဒုတိယ ဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား)စစ်ရေးပြ တပ်ခွဲ(၃)၊ တပ်မတော်(ကြည်း၊ ရေ၊လေ) (အမျိုးသမီး)တပ်ခွဲ ဒုတိယဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု (အမျိုးသမီး) တပ်ကြပ်ကြီးစာရေး စစ်ရေးပြ ဂုဏ်ပြုတပ်ခွဲ၊ အကောင်းဆုံးစခန်း ဒုတိယဆုရရှိသည့် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်း အကောင်းဆုံး ဒုတိယဆုရရှိသည့် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်း အကောင်းဆုံး ဒုတိယဆုရရှိသည့် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသည့် လေကြောင်း ချီတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး)တပ်ခွဲ ပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြဂုဏ်ပြု တပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) တပ်ခွဲ ပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြ တပ်ခွဲ(၄)၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသမီး)တပ်ခွဲ ပထမ ဆုရရှိသည့် ကာကွယ်ရေးဦးစီး ချုပ်ရုံး(လေ)ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)၊ အကောင်းဆုံးစခန်း ပထမဆုရရှိသည့် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး ပထမ ဆုရရှိသည့် ကာကွယ်ရေးဦးစီး ချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြ ဂုဏ်ပြုတပ်ခွဲ၊ စစ်စည်းကမ်း အကောင်းဆုံး ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြု တပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ပထမဆုရရှိသည့် လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဂုဏ်ပြုဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေ များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းက ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) အုပ်ဖွဲ့ပျံသန်း အဖွဲ့ ဂုဏ်ပြုဆုရရှိသည့် ကာကွယ် ရေးဦးစီးချုပ်ရုံး(လေ) အုပ်ဖွဲ့ ပျံသန်းအဖွဲ့၊ စံပြတပ်ခွဲတတိယဆု ရရှိသည့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသည့် သံချပ်ကာ ယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူး ရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စံပြတပ်ခွဲ ပထမဆုရရှိသည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူး ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲများ အား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် က ထပ်မံပေးအပ်သည့် စစ်ရေးပြ အကောင်းဆုံးတပ်ခွဲများဖြစ်သည့် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြ တပ်ခွဲ(၁)နှင့် အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး)တပ်ခွဲတို့အား အထူးဆု အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်(ကိုယ်စား) နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲ ရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ် ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းက ဂုဏ်ပြုအမှာ စကားပြောကြားပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတကာ အားကစား သတင်းများ

## အာဆိုရီကို အငှားစာချုပ်ဖြင့် ဂျာဂါဒန်အသင်း ခေါ်ယူ

**ပါရီ မတ် ၂၇**

ဆွီဒင်ကလပ် ဂျာဂါဒန် အသင်းသည် မက်ဇ်အသင်း တောင်ပံကစားသမား အာဆိုရီ ကို အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ ကြောင်း အတည်ပြုထုတ်ပြန်ခဲ့ သည်။

အဆိုပါ တောင်ပံကစား သမားသည် မက်ဇ်အသင်းနှင့် အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲ စုံ ၅၃ ပွဲ ကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်း ကြောင့် ဂျာဂါဒန်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ အာဆိုရီက 'ကျွန်တော် ဂျာဂါဒန် အသင်းကို ရောက်ရှိခဲ့ပါပြီ။ နွေး ထွေးစွာ ကြိုဆိုတဲ့ အသင်းတာ ဝန်ရှိသူအားလုံးကို အထူးကျေးဇူး တင်ပါတယ်။ ဒီအသင်းအတွက် အစွမ်းကုန် ပေးဆပ်ကြိုးစားသွား မှာပါ'ဟု ပြောသည်။

**(အောက်ပုံ)(NGB)**





## အီတလီအသင်းက မြောက်အိုင်ယာလန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**တူရင် မတ် ၂၇**

၂၀၂၆ ကမ္ဘာ့ဖလားခြေစစ် ပွဲ ဝင်ခွင့်(ဥရောပဇုန် Play-Offs ဆီမီး)ပွဲစဉ်အဖြစ် ယနေ့နံနက် ပိုင်းက အီတလီအသင်းနှင့် မြောက်အိုင်ယာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီတလီ အသင်းက မြောက်အိုင်ယာလန် အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အီတလီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၅၆ မိနစ် တွင် တိုနာလီ၊ ပွဲချိန် မိနစ် ၈၀ တွင် မွိုက်စ်ကိန်းတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အီတလီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲဝင်ခွင့် (ဥရောပဇုန် Play-Offs ဗိုလ်လု ပွဲ)အဖြစ် လာမည့် ဧပြီ ၁ ရက် တွင် ဘော့စနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ် သည်။ **(အပေါ်ပုံ)**

**(NGB)**

## ဗလာဟိုဗစ် ဂျူဗင်တပ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**တူရင် မတ် ၂၇**

တိုက်စစ်မှူး ဗလာဟိုဗစ် သည် ဂျူဗင်တပ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို သွားမည်ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်း ကြောင့် ဂျူဗင်တပ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗလာဟိုဗစ် သည် ဂျူဗင်တပ်အသင်းနှင့် အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၃ ပွဲကစားကာ ၆၄ ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။

ဂျူဗင်တပ်အသင်း၏ထုတ်ပြန် ချက်တွင် 'ဗလာဟိုဗစ် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆို သွားမှာပါ။ သူဟာ အသင်း



အတွက် ကစားသမားကောင်း တစ်ယောက်ပါ'ဟု ထုတ်ပြန် သည်။ **(အပေါ်ပုံ)(NGB)**

## ဆာလာကို ခေါ်ယူရန် အယ်လ်အစ်တီဟတ်အသင်း ကမ်းလှမ်း

**လန်ဒန် မတ် ၂၇**

ဆော်ဒီပရိုလိဂ်ကလပ် အယ်လ် အစ်တီဟတ်အသင်းသည် လီဗာ ပူးအသင်းမှ ထွက်ခွာမည်ဖြစ် မည့် တိုက်စစ်မှူး ဆာလာကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လီဗာပူးအသင်း နှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အထိ ပြိုင်ပွဲစုံ ၄၃၅ ပွဲ ကစားပြီး ၂၅၅ ဂိုးသွင်းယူကာ ခြေစွမ်းပြ နိုင်ခဲ့ခြင်းကြောင့် အယ်လ်အစ်တီ ဟတ်အသင်းက ခေါ်ယူရန် ကမ်း လှမ်းလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆာလာကိုယ် တိုင်ကလည်း အယ်လ်အစ်တီ ဟတ်အသင်း၏ ကမ်းလှမ်းလာမှု ကို လက်ခံစဉ်းစားသွားဖွယ်ရှိနေ သည်။

ထို့ကြောင့် အယ်လ်အစ်တီ ဟတ်အသင်းအနေဖြင့် တိုက်စစ် မှူးဆာလာကို ခေါ်ယူသွားနိုင် မည်လားဆိုသည်မှာ စိတ်ဝင်စား ဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## 2026 Miami Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Jannik Sinner တက်ရောက်

**မိုင်ယာမီ မတ် ၂၇**

အမေရိကန်နိုင်ငံတွင် ကျင်းပ လျက်ရှိသော အမျိုးသားတင်းနစ် ပြိုင်ပွဲဖြစ်သည့် 2026 Miami Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင် နယ်အဆင့်သို့ အီတလီတင်းနစ် ကစားသမား Jannik Sinner တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ် ကစားသမား Jannik Sinner သည် 2026 Miami Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်တွင် အမေရိကန်တင်းနစ် ကစားသမား Frances Tiafoe အား ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိ ကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Miami Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်တွင် အီတလီတင်းနစ် ကစားသမား Jannik Sinner နှင့် ဂျာမနီ တင်းနစ်ကစားသမား Alexander Zverev တို့ ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## ဂျက်ကို ဘော့စနီးယားလက်ရွေးစင်အသင်းနှင့်အတူ နှစ် ၂၀ ဆက်တိုက် ဂိုးသွင်းယူနိုင်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်

**လန်ဒန် မတ် ၂၇**

တိုက်စစ်မှူး ဂျက်ကိုသည် ဘော့စနီးယားလက်ရွေးစင်အသင်း နှင့်အတူ နှစ် ၂၀ ဆက်တိုက် ဂိုး သွင်းယူနိုင်သည့် မှတ်တမ်းတစ် ရပ်ပိုင်ဆိုင်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဝင်ခွင့် (ဥရောပဇုန် Play-Offs ဆီမီး)ပွဲစဉ်အဖြစ် ဘော့စနီးယား အသင်းက ဝေးလ်အသင်းကို ပင် နယ်တီအဆုံးအဖြတ်ဖြင့် အနိုင် ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်း အတွက် သွင်းဂိုးတစ်ဂိုး သွင်း ယူပေးပြီးနောက် ယခုလို မှတ် တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ် သည်။

တိုက်စစ်မှူး ဂျက်ကိုသည် ဘော့စနီးယားလက်ရွေးစင်အသင်း နှင့်အတူ ၂၀၀၇ မှ ၂၀၂၆ ခုနှစ် အထိ နှစ် ၂၀အတွင်း ပြိုင်ပွဲစုံ ၁၄၇ ပွဲ ကစားကာ ၇၃ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၄၀)နှစ်အရွယ်ရှိ ဂျက်ကိုက 'ကျွန်တော် အခုလို စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင် မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ သွင်းဂိုးတွေ သွင်း ယူနိုင်ဖို့ ဆက်လက်ကြိုးစားသွား မှာပါ'ဟု ပြောသည်။ **(NGB)**



## ချဲလ်ဆီးအသင်းတွင်သာ ဆက်ရှိသွားမည်ဟု မွိုက်ဆီစ်ကိုင်စီဒို ပြောကြား

**လန်ဒန် မတ် ၂၇**

ချဲလ်ဆီးအသင်း ကွင်းလယ် ကစားသမား မွိုက်ဆီစ်ကိုင်စီဒို က မိမိအနေဖြင့် အသင်းမှ ထွက် ခွာမည်ဆိုသော သတင်းများ သည် ကောလာဟလများသာဖြစ် ပြီး အသင်းတွင်သာ ဆက်ရှိ သွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါ ကွင်းလယ်ကစား သမားကို လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ် ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိ သွားမည်ဖြစ်သည်။ **(ယာပုံ)**

ကွင်းလယ်ကစားသမား ကိုင်စီဒိုသည် ချဲလ်ဆီးအသင်းနှင့် အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲ စုံ ၁၃၉ ပွဲ ကစားပြီး ရှစ် ဂိုး သွင်းယူကာ ခြေစွမ်းပြထား သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကိုင်စီဒိုက 'ကျွန်တော်အသင်းမှာ ပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်း မှာပျော်ရွှင်နေပါတယ်။ ဒီအသင်း နဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်'ဟု ပြော သည်။ **(NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ခွင့် (ဥရောပဇုန် Play-Offs ဆီမီး)ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ပိုလန်အသင်းနှင့် အယ်လ် ဘေးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပိုလန်အသင်းက အယ်လ်ဘေးနီးယားအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ သည်။

* အာဆင်နယ်အသင်းသည် ဆန်းဒါးလန်းအသင်း ကွင်း လယ်ကစားသမား လီဖီးကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အဲဗာတန်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့သည် ရီးရဲလ် မက်ဒရစ်အသင်း နောက်ခံကစားသမား အဆန်စီယိုကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **(NGB)**

## နည်းပြ ဒီဇာဘီကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် စပါးအသင်းဆွေးနွေး

**လန်ဒန် မတ် ၂၇**

စပါးအသင်းသည် အသင်း ရလဒ်ဆိုးများကြောင့် လက်ရှိ နည်းပြတူဒေါ်ကို ရာထူးမှ ထုတ် ပယ်ပြီး နည်းပြဒီဇာဘီကို နည်းပြ သစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေး လျက်ရှိသည်။

အသက်(၄၆)နှစ်အရွယ်ရှိ နည်းပြ ဒီဇာဘီသည် နည်းပြ ဘဝတစ်လျှောက်တွင် မာဆေးလ်၊ ဆက်ဆူအိုလို၊ ဘရိုက်တန် စသည့် ကလပ်အသင်းများအပြင် အခြား ကလပ်အသင်းများစွာကို ကိုင် တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် စပါးအသင်းက နည်းပြသစ် အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်း ဖြစ်သည်။

နည်းပြ ဒီဇာဘီကိုယ်တိုင် ကလည်း လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် စပါးအသင်း၏ ကမ်းလှမ်းလာမှု ကို လက်ခံစဉ်းစားသွားဖွယ်ရှိနေ သည်။ **(ယာပုံ)**

ထို့ကြောင့် နည်းပြ ဒီဇာဘီ အား စပါးအသင်းနည်းပြသစ် အဖြစ် မြင်တွေ့ရမည်လား ဆို သည်မှာ စိတ်ဝင်စားဖွယ် စောင့် ကြည့်ရမည်ဖြစ်သည်။ **(NGB)**



# နွေရာသီအခြေခံအင်္ဂလိပ်စကားပြောနှင့် ကိုရီးယားစကားပြောသင်တန်းဖွင့်ပွဲ ကျင်းပ

**ကျောက်ပန်းတောင်း မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူကလေးငယ်များ နွေရာသီကာလ၌ အချိန်ကို အကျိုးရှိစွာ ကုန်ဆုံးစေရန်နှင့် နိုင်ငံရပ်ခြားဘာသာစကားများကို လေ့လာသင်ယူနိုင်စေရန် ရည်ရွယ်၍ အခြေခံအင်္ဂလိပ်စကားပြောနှင့် ကိုရီးယားဘာသာ စကားပြောသင်တန်းဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၉ နာရီက ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးရာ အင်္ဂလိပ်ဘာသာစကားပြောသင်တန်း နည်းပြဆရာမ ဒေါ်ချိုသာက သင်တန်းသား၊ သင်တန်းသူတစ်ဦးချင်းစီကို နှုတ်ဆက်စကားပြောကြားပြီး အခြေခံအင်္ဂလိပ်ဘာသာစကားပြောနည်းနှင့် ကဗျာများကို ရွတ်ဆို၍ လည်းကောင်း၊ ကိုရီးယားဘာသာစကားပြောသင်တန်း နည်းပြ ဦးအောင်ပိုင်က သင်တန်းသား၊ သင်တန်းသူတစ်ဦးချင်းစီကို မိတ်ဆက်စကားပြောကြားပြီး ကိုရီးယားဘာသာစကားသုံး ဗျည်းအက္ခရာများအကြောင်းကိုလည်းကောင်း ရှင်းလင်းသင်ကြားသည်။



အဆိုပါ အင်္ဂလိပ်စကားပြောနှင့် ကိုရီးယားစကားပြောအခြေခံသင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခမဲ့ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး မတ် ၂၃ ရက်မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ အင်္ဂလိပ်စကားပြောနှင့် ၁၀ နာရီ ၄၅ မိနစ်မှ ၁၂ နာရီအထိ ကိုရီးယားစကားပြောသင်တန်းဟူ၍ နှစ်ချိန် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ လွတ်လပ် ရေးရပ်ကွက်နှင့် ဈေးကွက်သစ်ရပ်ကွက်တို့မှ မူလတန်းအဆင့် ကျောင်းသားကျောင်း သူ ၁၈ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **(၄၅၆)**

# အသိပညာပေးဟောပြောပွဲ၊ ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၇**

(၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုဗ္ဗသီရိမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးဇော်က တပ်မတော်နေ့နှင့်ပတ်သက်သည့် အကြောင်းအရာများအား အသိပညာပေး ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူလေးများက တပ်မတော်နေ့အထိမ်းအမှတ် ပုံပြင်ပြော၊ ကဗျာရွတ်၊ စာလုံးပေါင်းသတ်ပုံအမှန်နှင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲများအား အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်ကို(ပြန်/ဆက်)**

၀-၀-၀-၀-၀



**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

# အမျိုးသမီးများကို တရုတ်နိုင်ငံသားများနှင့် ပေါင်းသင်းနေထိုင်စေပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများနှင့် အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ရန် လိမ်လည်စည်းရုံးခေါ်ဆောင်သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်များ ချမှတ်

နေပြည်တော် မတ် ၂၇

အမျိုးသမီးများကို တရုတ်နိုင်ငံသားများနှင့် ပေါင်းသင်းနေထိုင်စေပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများနှင့် အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ရန် လိမ်လည်စည်းရုံးခေါ်ဆောင်သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်များ ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် ခရေပင်ရိပ်မွန်အိမ်ရာတွင် မမေမြတ်သူ(ခ)မေသူနှင့် တရုတ်နိုင်ငံသား Mr. SHAOXUAN တို့ လင်မယားသည် မြန်မာအမျိုးသမီးများကို တရုတ်နိုင်ငံသားများနှင့် လက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူလျက်ရှိကြောင်း သတင်းရရှိသဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တပ်ဖွဲ့ဝင်များက ပူးပေါင်းအဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မြန်မာအမျိုးသမီး သုံးဦးကို တရုတ်နိုင်ငံသား သုံးဦးနှင့်အတူ တွေ့ရှိခဲ့ရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်နေ အမျိုးသမီးတစ်ဦးကို သူငယ်ချင်းဖြစ်သူ အေးအေးထွေးက တရုတ်နိုင်ငံသားနှင့် လက်ထပ်ပါက ငွေကျပ်သိန်း ၁၀၀ ရရှိမည်ဖြစ်ပြီး ရွှေတစ်ဆင်စာ ပေးမည်ဖြစ်ကြောင်း၊ ကြိုတင်ငွေသိန်း ၂၀ ပေးမည်ဟု ပြောဆိုစည်းရုံးခဲ့ကြောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နေ အမျိုးသမီးတစ်ဦးသည် လူမှုကွန်ရက် TikTok ၌ အလုပ်အကိုင်ရှာဖွေခဲ့ရာ အမည်မမှတ်မိ အကောင့်တစ်ခုမှ အထက်ပါအတိုင်း စည်းရုံးခဲ့ပြီး ရန်ကုန်သို့လာရောက်ရန် ခေါ်ဆောင်သဖြင့် သွားရောက်ခဲ့ရာ မသဥ္ဇာဝင်း၊ မနှင်းဝေခိုင်၊ မလဲ့ရည်ဝင်းတို့နှင့် တွေ့ဆုံခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေ အမျိုးသမီးတစ်ဦးက ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နေ တရုတ်မ(ခ) မသန်းသန်းစိုးထံ ဖုန်းဖြင့် ဆက်သွယ်၍ အလုပ်လုပ်ကိုင်လိုကြောင်း ပြောဆိုခဲ့ရာ အလားတူ စည်းရုံးခံခဲ့ရကြောင်း၊ ထို့နောက် ၎င်းအမျိုးသမီး သုံးဦးကို စည်းရုံးခဲ့သူအသီးသီးမှ မမေမြတ်သူ (ခ) မေသူနှင့် တရုတ်နိုင်ငံသား Mr. SHAOXUANတို့ လင်မယားနေထိုင်သည့် အိမ်ရာသို့ ပို့ဆောင်ပေးခဲ့ရာ အမျိုးသမီးတစ်ဦးစီသည် တရုတ်နိုင်ငံသား Mr. Qin Weifeng၊ Mr.Chen Li Bing နှင့် Mr. Shang Xu Dong ဆိုသူတို့နှင့် တစ်ဦးစီ ပေါင်းသင်းနေထိုင်ခဲ့ရကြောင်း၊ မမေမြတ်သူ (ခ) မေသူနှင့် တရုတ်နိုင်ငံသား Mr. SHAOXUAN တို့ လင်မယားက တရုတ်နိုင်ငံသားများထံမှ တရုတ် ယွမ် ၄၀၀၀၀ စီ ရယူခဲ့ပြီး မြန်မာအမျိုးသမီးများကို ငွေကျပ်သိန်း ၄၀ ခန့်နှင့် လာရောက်ပို့ဆောင်ပေးသူများကို ငွေကျပ် ၅ သိန်းမှ ၁၀ သိန်းစီ ခန့်ပေးခဲ့ပြီး ကျန်ငွေကြေးအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့ကြောင်း စိစစ်သိရှိရသဖြင့် အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မင်္ဂလာဒုံမြို့မရဲစခန်း(ပ)၁၈၀/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး မတ် ၂၄ ရက်တွင် မင်္ဂလာဒုံခရိုင် ခရိုင်တရားရုံးမှ တရားခံ မမေမြတ်သူ(ခ)မေသူနှင့် တရုတ်နိုင်ငံသား Mr. SHAOXUAN တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီ၊ တရုတ်နိုင်ငံသား Mr. Qin Weifeng၊ Mr.Chen Li Bing၊ Mr. Shang Xu Dong၊ မသဥ္ဇာဝင်း၊ မနှင်းဝေခိုင်နှင့် မလဲ့ရည်ဝင်းတို့ ခြောက်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မအေးအေးထွေးနှင့် မသန်းသန်းစိုး(ခ) တရုတ်မတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄/ ကျင့် ၅၁၂ အရ ၈၇/ ၈၈ အတည်ပြု ထုတ်ဆင့်ခဲ့သည်။

အလားတူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရွာဟောင်းကန်ကျေးရွာနေ အမျိုးသမီးတစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာနေ မအေးချမ်းမြေ့နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာမြို့ အမှတ်(၃)ရပ်ကွက်နေ မယမင်းထက်(ခ)မထက်တို့ နှစ်ဦးက တရုတ်နိုင်ငံ ရွှေလီမြို့ရှိ ထမင်းဆိုင်၌ အလုပ်လုပ်လိုပါက တစ်လလျှင် ယွမ် ၃၅၀၀၊ မြန်မာငွေ ၁၈ သိန်းကျပ်ခန့် ရရှိမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးကာ တရုတ်နိုင်ငံသို့ ပို့ဆောင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံရှိ အမည်မသိ တရုတ်ပွဲစားအမျိုးသမီး၏ နေအိမ်တွင် နေထိုင်စဉ် မယမင်းထက်(ခ)မထက်က Wechat မှတစ်ဆင့် တရုတ်ယောကျ်ားယူရမည်၊ ယွမ် ၃၀၀၀၀ ရမည်၊ တစ်နှစ်ပေါင်းသင်းရမည်ဟု ပြောကြားခဲ့ကြောင်း၊ ၎င်းမှတရုတ်ယောကျ်ားမယူလိုဘဲ နေအိမ်သို့ ပြန်လိုကြောင်း ပြောကြားခဲ့ရာ လမ်းခရီးကုန်ကျစရိတ်များအား ပေးလျော်ရမည်ဟု ပြောကြားခဲ့ကြောင်း၊ ထို့နောက် တရုတ်ပွဲစား အမျိုးသမီး၏နေအိမ်မှ ထွက်ပြေးကာ ၎င်းနှင့်ရင်းနှီးသူတစ်ဦး၏ နေအိမ်တွင် တစ်လခွဲခန့် ရှောင်တိမ်းနေထိုင်စဉ် တရုတ်ရဲတပ်ဖွဲ့က လာရောက်ခေါ်ဆောင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်း(ပ)၁၁၀/၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ပို့ခဲ့ပြီး မတ် ၂၄ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ တရားခံ မယမင်းထက်(ခ)မထက် ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ အေးချမ်းမြေ့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု အင်တန်းကျေးရွာနေ အမျိုးသမီးတစ်ဦးက မှတ်ပုံတင်ပြုလုပ်လို၍ အဒေါ်ဖြစ်သူ ဒေါ်နှင်းယုလွင်အား ဆက်သွယ်ခဲ့ရာ အဒေါ်ဖြစ်သူက ခရေပင်ရိပ်မွန်အိမ်ရာအတွင်းရှိ တိုက်အမှတ်(၁၀၂) သို့ ရောက်ရှိနေကြောင်း ပြောဆိုသဖြင့် အဆိုပါနေအိမ်သို့ သွားရောက်ခဲ့ရာ အဒေါ်ဖြစ်သူအား မတွေ့ရှိဘဲ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်နေ မမေမြတ်သူ(ခ)မေသူနှင့် ခင်ပွန်းဖြစ်သူ တရုတ်နိုင်ငံသား Mr. SHAOXUAN တို့အားတွေ့ရှိခဲ့ပြီး မမေမြတ်သူ (ခ) မေသူက ၎င်းအား တရုတ်ယောကျ်ားယူပါက တင်တောင်းငွေ ကျပ်သိန်း ၁၀၀ ရရှိမည်၊ လက်ဝတ်ရတနာများ ဆင်ပေးမည်ဟု ပြောဆိုစည်းရုံးသဖြင့် သဘောတူခဲ့ကြောင်း၊ တစ်ပတ်ခန့်အကြာတွင် မမေမြတ်သူ(ခ)မေသူက ကြိုတင်ငွေသိန်း ၂၀ ပေးခဲ့ပြီး တရုတ်နိုင်ငံသား Mr. Li Wei နှင့် ပေါင်းသင်းနေထိုင်ခဲ့ရကြောင်း၊ ငါးလခန့် ပေါင်းသင်းနေထိုင်စဉ် မမေမြတ်သူ(ခ)မေသူက နိုင်ငံကူးလက်မှတ်စာအုပ်ပြုလုပ်ပေးခြင်း၊ ဗီဇာလျှောက်ထားခြင်း၊ ရွှေလက်စွပ်၊ ရွှေနားကပ် ပြုလုပ်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသားက မမေမြတ်သူ(ခ)မေသူအား အကျိုးဆောင်ခအဖြစ် ယွမ် ၄၀၀၀၀ ပေးခဲ့ရကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မင်္ဂလာဒုံမြို့မရဲစခန်း(ပ)၁၈၁/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ပို့ခဲ့ပြီး မတ် ၂၄ ရက်တွင် မင်္ဂလာဒုံခရိုင်တရားရုံးမှ တရားခံ မေမြတ်သူ(ခ)မေသူ နှင့် Mr. SHAOXUAN တို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီ၊ တရားခံ တရုတ်နိုင်ငံသား Mr. Li Wei အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၆ ခုနှစ် "လက်ပက်ယဉ်ကျေးမှုဆင်နွှဲ ဖြိုးမဲ့သနပ်ခါးအလှ မင်းသင်္ကြန်ပွဲ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် **"လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ ဖြိုးမဲ့သနပ်ခါးအလှမင်းသင်္ကြန်ပွဲ"** ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ထိုက်တန်စွာ ဆုချီးမြှင့်ပါမည်။

၁။ ပြိုင်ပွဲဝင်တစ်ဦးသည် ဓာတ်ပုံအရွယ်အစား(၁၀ လက်မ၊ ၁၄ လက်မ)အလျားလိုက် ရောင်စုံဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်သူ အမည်တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိက ဆုစာရင်းပယ်ဖျက်ပါမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် အောက်ပါအချက်အလက်များ ပါဝင်ရမည်။
(က) မန္တလေး၏အငွေ့အသက်
(ခ) မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်
(ဂ) သင်္ကြန်အငွေ့အသက်
(ဃ) သနပ်ခါးနှင့် လက်ဖက်ယဉ်ကျေးမှုကို ဖော်ကျူးပြသခြင်း။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ် သင်္ကြန်ပွဲတော်ကာလ လမ်းလျှောက်သင်္ကြန်ပွဲအတွင်း ရိုက်ကူးထားသော ပုံများဖြစ်ရပါမည်။ ပြိုင်ပွဲဝင်ပုံများသည် အခြားပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရထားပြီးပုံများ မဖြစ်စေရ။ စီးပွားရေးကြော်ငြာများ၊ မီဒီယာများနှင့် Website များတွင် အသုံးပြုပြီးပုံများ မဖြစ်စေရ။ ၄င်းတို့နှင့် ဆင်တူယိုးမှားပုံများ မဖြစ်စေရ။

၃။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာလျှင် တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းပြဿနာဖြစ်ပေါ်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုများကို ပြန်လည်ရုပ်သိမ်းမည်။

၄။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် နိုင်ငံတော်၏ မူဝါဒ ဆန့်ကျင်သောပုံများ၊ အမျိုးသားယဉ်ကျေးမှုနှင့် ဆန့်ကျင်သောပုံများ၊ တည်ဆဲဥပဒေနှင့် ငြိစွန်းသောပုံများ မဖြစ်စေရ။ ပုံထဲမှရှိနေသည့် အရာဝတ္ထုများအား ဖယ်ထုတ်ခြင်း၊ မရှိသည့်အရာဝတ္ထုများ ထည့်သွင်းခြင်း မပြုလုပ်ရ။ အလွန်အကျူးပြုပြင်ထားသောပုံများ မဖြစ်စေရ။ ရိုက်ကူးသည့် မူရင်းပုံအား အလင်းအမှောင်၊ Cropping၊ ကာလာချိန်သည့် ပြိုင်ပွဲပုံများ ဖြစ်ရမည်။ ယခင်ပုံဟောင်းများ မဖြစ်စေရ။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု(၇)ဆုအား ထိုက်တန်စွာ ဆုချီးမြှင့်မည်။ ပြိုင်ပွဲဝင်တစ်ဦးသည် ပြိုင်ပွဲတွင်(ပထမ၊ ဒုတိယ၊ တတိယ)ဆုကြီး (၁)ဆုနှင့် နှစ်သိမ့်ဆု (၁)ဆုသာလျှင် ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုလိုသော မည်သည့်ကိစ္စတွင်မဆို အသုံးပြုရန် သဘောတူခွင့်ပြုရမည်။

၇။ ပြိုင်ပွဲဓာတ်ပုံများကို Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူးယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, Gopro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ရိုက်ကူးထားသည့် မူရင်း Print File တို့ကို CD ဖြင့် တစ်ပါတည်း တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို **(၂၁-၄-၂၀၂၆)ရက်၊ (အင်္ဂါနေ့) (နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း)** မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးသို့ ပေးပို့ရပါမည်။

၉။ ပဏာမရွေးချယ်ခြင်းကို **(၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့) (ညနေ ၄:၀၀ နာရီ)** တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲစံနှုန်းများနှင့်အညီ ဝါရင့်ဓာတ်ပုံပညာရှင်ကြီးများ၏ ပဏာမစိစစ်ရွေးချယ်ခြင်းကို ဆောင်ရွက်သွားပါမည်။ ဆန်ခါတင်ရွေးချယ်ခံရသော ဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံရှင်များထံ အချိန်မီအကြောင်းကြားပေးမည် ဖြစ်ပါသည်။

၁၀။ ဆန်ခါတင်ရွေးချယ်ခံရသော ဓာတ်ပုံများကို **(၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၉:၀၀ နာရီ) မှ (၂၉-၄-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) (ညနေ ၆:၀၀ နာရီ)** အထိ MCDC Facebook Page တွင်တင်ပြီး Like ရရှိမှုအရေအတွက်ပေါ်မူတည်၍ ဆုရွေးချယ်သွားမည် ဖြစ်ပါသည်။

၁၁။ ပြိုင်ပွဲဝင်ပုံတိုင်း၏ နောက်ကျောတွင် **အမည်၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်၊ လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးထားသည့် ခံဝန်ချက်ပြည့်စုံစွာ ရေးထားသော စာရွက်များကို** တိပ်ဖြင့် သေချာစွာ ကပ်ပေးရမည်။ ပြိုင်ပွဲပုံ၏ နောက်ကျောတွင် မည်သည့်အမှတ်အသားမှ မပါရှိစေရ။ ပုံတွင်လည်း ရေစာအမှတ်အသား မပါစေရ။

၁၂။ ဆုရွေးချယ်ခံထားရသော ဆုရပုံများအား ကန့်ကွက်လိုပါက ပြိုင်ပွဲစိစစ်ရေးကော်မတီသို့ ဆုရွေးချယ်ထုတ်ပြန်ပြီးအတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူဘက်မှ မှန်ကန်ပါက ဆုစာရင်းပယ်ဖျက်မည်။ ဆုရရှိသူဘက်မှ မှန်ကန်ပါက ဆုကို ဆက်လက်အတည်ပြုမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နှင့် မြို့တွင်းသင်္ကြန် ရေကစားမဏ္ဍပ်များ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်တွင် ကျရောက်သော မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မန္တလေးနန်းမြို့ ကျုံးပတ်လည်နှင့် မန္တလေးမြို့တော်အတွင်း အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီမံထားရှိပါသည် -
(က) ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်း၊ ကျုံးအနောက်ဘက်ခြမ်း လမ်း ၈၀၊ ကျုံးအရှေ့ဘက်ခြမ်း ၆၆ လမ်းနှင့် ကျုံးမြောက်ဘက်ခြမ်း ၁၂ လမ်း ကျုံးပတ်လည်တွင် လမ်းလျှောက်သင်္ကြန်ကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ ဆောက်လုပ်၍ နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေကာ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။
(ခ) ၇၃ လမ်းတစ်လျှောက် သဇင်လမ်းမှ ငုရွှေဝါလမ်းအထိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်၌ ရေကစားမဏ္ဍပ်ရှေ့တွင် လောင်းလှေများ၊ ကြယ်ပွင့်များ၊ ပန်းအလှခြင်းများ၊ ရောင်စုံထီးများ၊ မြန်မာ့ရိုးရာ သနပ်ခါး သင်္ကြန် အစီအစဉ်များဖြင့် အလှဆင်ဆောင်ရွက်မည့်အပြင် ရေကစားမဏ္ဍပ်အသေးများ ဆောက်လုပ်သွားမည်ဖြစ်ပြီး နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေ၍ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။
(ဂ) မန္တလေးမြို့တော်အတွင်းနှင့် ကျုံးပတ်လည်နေရာများတွင် ရေကစားမဏ္ဍပ်ဆောက်လုပ်၍ ရေပက်ကစားလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားနိုင်ပါသည်။
(ဃ) ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နေရာများတွင် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များဖြင့် ဝင်ရောက်ခြင်း လုံးဝခွင့်မပြုပါ။

၂။ သို့ဖြစ်ပါ၍ မန္တလေးမြို့ပေါ် (၆)မြို့နယ်ရှိ လမ်းမကြီးများနှင့် မန္တလေး နန်းမြို့ ကျုံးပတ်လည်တွင် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်၍ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရေကစားလိုသူများအနေဖြင့် ရေကစားရန်နေရာများကို **"မည်သည့်အခွန်အခများ ပေးသွင်းရန် မလိုဘဲ"** ဦးရာလူစနစ်ဖြင့် ပုဂ္ဂလိကသင်္ကြန်မဏ္ဍပ်များ ပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းများ စနစ်တကျရှိစေရေး လုပ်ငန်းကော်မတီ၊ ဖုန်းနံပါတ် ၀၉-၂၆၂၂၉၁၃၇၄၊ ၀၉-၂၅၆၃၇၈၆၅၄ တို့ထံသို့ **(၉-၄-၂၀၂၆)**ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဗဟိုကော်မတီ။**

## အမျိုးသမီးများဆိုင်ရာ ကာကွယ်ပေးသည့် အခွင့်အရေးဥပဒေအကြောင်း အသိပညာပေးဟောပြော

**မန္တလေး မတ် ၂၇**

ချမ်းအေးသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော အမျိုးသမီးများဆိုင်ရာ ကာကွယ်ပေးထားသည့် အခွင့်အရေး ဥပဒေများအကြောင်း အသိပညာပေးဟောပြောပွဲကို ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီ ရပ်ကွက်ရှိ ဆုတောင်းရမြတ်စွာဘုရား၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်စုထွန်းက အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး ချမ်းအေးသာစံမြို့နယ် ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ဇင်မာထွေးက "တရားမျှတမှုနှင့် အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ပေါ်ပေါက်လာပုံအကြောင်းအရာများ၊ အမျိုးသမီးအခွင့်အရေးမြှင့်တင်ခြင်း၊ အမျိုးသမီးကဏ္ဍဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် လမ်းညွှန်ချက်များ ချမှတ်ထားခြင်း စသည်တို့ကို ဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ချမ်းအေးသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်စုထွန်းနှင့် အဖွဲ့ဝင်များ၊ ချမ်းအေးသာစံမြို့နယ် ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ဇင်မာထွေး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အတွင်းရှိ အမျိုးသမီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**



# နန်းတော်ရှေ့က ဆရာတင်

ပိုက်ဆံရှားတာ×××နှားမလည်×××ပိုက်ဆံပေါတာ××× ပြောတတ်တယ်×××ဇမ္ဗူဒီပ နိမိတ္တတဲ့×××ကျန်းမာရေးနဲ့×××သူဌေးဝါဒကို မပယ်×××ရတနာခုနစ်ပါးရယ်နဲ့×××မော်တော်ကားလည်းစီးမယ်×××ဆင်းရဲတာနှားမလည်×××မင်းပွဲမှာ သွားမယ်ကွယ်×××အပေါင်းသဟာများရယ်×××ကောင်းတာကိုမှ စားမယ်×××နန်းတော်ရှေ့ကို မေးလာကြရင်×××သူဌေးဝါဒကို×××ကျွန်တော်ပြောပြလိုက်ပါမယ်×××

ဒီသီချင်းဟာ နန်းတော်ရှေ့အတွက် အတိတ်နိမိတ်နဲ့ရေးခဲ့တဲ့ သီချင်းပါ။ အင်မတန်ကျက်သရေရှိတဲ့ သီချင်းပါ။ နန်းတော်ရှေ့ဆိုတဲ့ နယ်မြေဟာ နန်းတော်ကြီးရဲ့ အရှေ့ပေါက်ကထွက်တဲ့ အရပ်မို့ ""နန်းတော်ရှေ့"" လို့ ခေါ်တာတဲ့။ နောက်ပြီး ဆရာတင်ရဲ့ သူငယ်ချင်းတွေက 'ဦးတေ'၊ နန်းတော်ရှေ့ဈေးထဲမှာ လူတစ်ရပ်စာ သံပြားကို ဖိနပ်ပုံစံထွင်းပြီး ဖိနပ်မျိုးစုံရောင်းတဲ့ 'ဘကြီးတေ'ပါ။ နောက်တစ်ယောက်ကတော့ 'ဦးသာဒွန်း'က တယော၊ ပတ္တလား စသည်တို့ကို ဆရာတင့်အား တီးပေးခဲ့သူဖြစ်ပါတယ်။ နောက်တစ်ယောက်ကတော့ 'ဦးအောင်ကျော်'သူကတော့ ဆရာတင်ရဲ့ သီချင်းများ၊ သဘင်သည်တို့ရဲ့ လက်သို့မရောက်မီ သူ့အတွက် သပ်သပ်ရေးစပ်ပေးတဲ့သီချင်းကို ဆိုခဲ့တဲ့ နန်းတော်ရှေ့ အပျော်တမ်းအရပ်ဝိုင်းမှ အဆိုတော်ဖြစ်ပါတယ်။ နောက်တစ်ဦးမှာလည်း 'ဦးသန်းတန်'ဖြစ်ပါတယ်။ ဦးသာဒွန်းနဲ့ ဦးသန်းတန်မှာ နန်းတော်ရှေ့ဆရာတင်နဲ့အတူ ငယ်ငယ်ကတည်းက တတွဲတွဲနေခဲ့ကြ၍ ဦးသန်းတန်မှာ ဆရာတင်နှင့် တစ်အိမ်တည်းအတူနေကာ စန္ဒရား၊ ပတ္တလားတီးသူဖြစ်ပါတယ်ဟု သားဖြစ်သူ 'ရွှေနန်းတင်'က ပြောပြ၍ သိရပါတယ်။

နန်းတော်ရှေ့ဆရာတင်၏ ငယ်နာမည်မှာ 'မောင်မောင်တင်' ဖြစ်ပါတယ်။ ဆရာတင်မှာ နန်းတော်ရှေ့ မင်္ဂလာဥယျာဉ်ရပ်ကွက်တွင် နေထိုင်ကြသော မြို့စာရေးမင်း ဦးမှန်နဲ့ ဒေါ်မမတို့က မန္တလေး အရှေ့ပြင် စကျင်ဝအရပ်၌ မွေးတဲ့ သားဖြစ်သည်။ မင်းနဲ့စိုးနဲ့ မကင်းသူလည်းဖြစ်သည်။ မိဘနှစ်ပါးမှ မောင်မောင်တင်ဟု မှည့်ခေါ်ခဲ့ကြသည်။ မောင်မောင်တင် ခြောက်နှစ်သားအရွယ်တွင် အကွက်(၇)ရပ်ကွက်ရှိ ဦးစံအေး၏ အိမ်တွင် ဖွင့်လှစ်ထားသော မူလတန်းကျောင်းတွင် စ၍ထားသည်။ ဆရာ ဦးစံအေး၏ မူလတန်းကျောင်း၌ သုံးတန်းကျောင်းသားအရွယ်မှာပင် ပြွေတစ်ချောင်းကို ခါးကြားညှပ်၍ ယူလာပြီး အားအားရှိတိုင်း ပြွေမှုတ်လေ့ကျင့်နေသည်။ ဆရာဦးစံအေးက မကြိုက်ဟုဆိုသောအခါ လွယ်အိတ်ထဲ ဝှက်၍ ထည့်ထားသူဖြစ်သည်။ ဦးစံအေး၏ကျောင်းမှ လေးတန်းအောင်၍ ဝက်စလီယံကျောင်းသို့ ပြောင်းအပ်သည်။

ကျောင်းစာကို စိတ်မဝင်စားဘဲ သူ၏မွေးရာပါ ဂီတ ဝါသနာကို နန်းတော်ရှေ့ ဓမ္မာရုံက မြေတောင်မြှောက်ပေးလိုက်ရာ မောင်မောင်တင်မှာ ဝက်စလီယံကျောင်းမှ ခုနစ်တန်းပင် မအောင်တော့ပါ။ မန္တလေးမြို့ နန်းတော်ရှေ့အရပ်၌ နယ်လုံးဆိုင်ရာ ဓမ္မာရုံကြီးရှိပါသည်။ ဓမ္မာရုံကြီးမှာ ဝါတွင်းသုံးလ၌ အဝေးဖိတ်နှင့် အနီးဖိတ်နေ့များတွင် မြို့ထဲလှည့်၍ ဆွမ်းတော်ကြီးအရဏ်ခံလေ့ရှိပါသည်။ ထိုဓမ္မာရုံမှ အရဏ်ခံလိုက်သူတွေအတွက် တီးကြ၊ မှုတ်ကြဖို့ အရပ်မှ ထူထောင်ထားသည့် တူရိယာများ ဓမ္မာရုံတွင် အစုံအလင်ရှိလေသည်။ ဤဓမ္မာရုံကြီးသည် အရှေ့ပြင်သားတို့အဖို့ ဂီတကျောင်းဖြစ်ပြီး ဓမ္မာရုံတွင် တီးကြမှုတ်ကြရင်း တတ်မြောက်ကုန်ကြလေသည်။ အပျော်တမ်းတီးရာမှ စည်တော်ကြီးသမား၊ ဆိုင်းသမား၊ ရုပ်သေးမင်းသား စသဖြင့် သဘင်နယ်သို့ ရောက်သွားကြသူများလည်း ရှိခဲ့ဖူးလေသည်။ မောင်မောင်တင်သည် အရှေ့ပြင်တွင် ဂီတသမားဖြစ်သော ရွှေပန်းထိမ်ဆရာ 'ဆရာလွန်း'ထံ၌ ဘာဂျာတီးသင်သည်။ 'ကိုအောင်ငြိမ်း'ထံ၌ ဒိုးတီးသင်သည်။ 'ဦးမြ'ထံမှ နှဲမှုတ်သင်သည်။ 'ဦးစံခင်'ထံမှ ပတ္တလားတီးသင်သည်။ ဓမ္မာရုံမှ ဆွမ်းကြီးခံထွက်သည့်အခါ ကျောင်းမတက်တော့ဘဲ မောင်မောင်တင်သည် ကျောင်းပြေးပြီး မောင်းဆိုင်းနှင့် နှဲ၊ ဒိုးတို့ကို လိုရာနေရာတွင် ဝင်တီးပြီး ဆွမ်းကြီးခံလိုက်နေလေတော့သည်။ ဆရာတင်သီချင်း စရေးသည်မှာ ဤဓမ္မာရုံဆွမ်းကြီးခံတီးဝိုင်းအတွက် ဗုံထောက်သံ(၅)ပုဒ်ဖြစ်သည်။ ထို့နောက် နန်းတော်ရှေ့အရပ်တွင် ပရိပတ္တိစာကြည့်သင်းဖွဲ့၍ အသင်းအတွက် ဘဏ္ဍာရှာကြံကြမည်ဟု အရပ်တီးဝိုင်းအဖွဲ့မှ သီချင်းဆိုကောင်းသူ 'ကိုအောင်ကျော်'သီဆိုဖို့ သီချင်းတစ်ပုဒ်စပ်ခိုင်းကြသည်။ ထိုသီချင်းမှာ ဆရာတင် ရေးစပ်သည့် ဒုတိယသီချင်းဖြစ်၍ 'စိန်ဗေဒါ'တီးသည့် 'အာကာသစိုး'တီးကွက်အလိုက် ရေးစပ်ခြင်းဖြစ်သည်။ ထိုအခါ မောင်မောင်တင်၏အသက်မှာ (၂၀)လောက်ရှိနေလေပြီ။

(၁၉၄၁)ခုနှစ် အင်္ဂလိပ်နှင့် ဂျာမနီတို့ စစ်ဖြစ်ကြသည်။ ထိုအခါက ကပ္ပတိန်ဆရာဝန် ဦးဘရင်က ခေါ်၍ ဆပ္ပါးမိုင်းနားတပ်တွင် ကွန်ပေါင်ဒါအဖြစ်နှင့် ဆရာတင် စစ်ထဲ လိုက်သွားသည်။ ပထမကမ္ဘာစစ်ကြီးပြီး၍ (၁၉၂၀)ပြည့်နှစ်ဆီ၌ စစ်အောင်ပွဲများ ဗမာနိုင်ငံတွင် ဗြိတိသျှအစိုးရက အောင်ပွဲခံရမည်ဟု ဆိုသောအခါ ဆရာတင်၏ ဆရာကပ္ပတိန် ဦးဘရင်က ဆရာတင်ကို ပွဲငှားခိုင်းလိုက်လေသည်။ ဆရာတင်က 'မမြရင်'ကသော အငြိမ့်ကို ငှားပေး၍ 'အောင်တော်မူပြည်လုံးချမ်းသာ'ဟူသော သီချင်းကို ရေးပေးပြီး မမြရင်ကို သီဆို၍ ကစေသည်။ သူ့သီချင်းမှာ သီဆို၍ ကောင်းလွန်းသဖြင့် 'အောင်တော်မူ မမြရင်'ဟူ၍ မင်းသမီး နာမည်ရလေသည်။ ဤမင်းသမီးမှာ 'လေဘာတီမမြရင်' မဟုတ်ပေ။ ဆရာတင်၏ သီချင်း သဘင်နယ်သို့ စရောက်သည့်သီချင်း ဖြစ်သည်။ ဒုတိယသီချင်းမှာ ဆရာတင်ကို ဟာမိုနီယံ သင်ကြားပေးသော ဆရာ'ကိုဖေကျင်'၏ မင်္ဂလာဆောင်တွင် မင်းသမီးစိန်တု သီဆိုရန် ရေးပေးသည့် 'ပရိမ့ံဖိသာမံ'အရဏ်ဘွဲ့ခံသီချင်းဖြစ်သည်။ သည့်နောက်တွင်ကား ဆရာတင်သည် သီချင်းကြီး၊ သီချင်းခံကိုပါ ဦးဗေဒါ၊ ဦးလူကြီး၊ ဦးစံဝင်း၊ ဦးမောင်မောင်ကျော်၊ ဦးခင်မောင်ဒွေး၊ ဘီးလစ်ဦးထင်တို့ထံ၌ နည်းနာခံကာ ပညာပြည့်အောင် သင်ယူလေတော့သည်။ အသက်(၂၂)နှစ်အရွယ်တွင် 'မယ်အေးလေးက ပို့တဲ့မေတ္တာ'ဆိုသော သံဆန်းသီချင်းတစ်ပုဒ်ကို ပထမဆုံးစွန့်၍ ရေးစပ်ကြသည်။ ယုဇနအေးစိန်ထံသွား၍ သူ့သီချင်း သီဆိုပေးပါရန် ခခယယတောင်းပန်၍ ပြောကြားရာ ဓားတန်းမှ ကုလားမင်္ဂလာဆောင်တွင် သီဆိုပေးမည်ဟု ကတိပေးလိုက်သည်။ 'ယုဇနအေးစိန်'ကမည့်နေ့၌ မောင်မောင်တင်သည် ညနေ(၄)နာရီလောက်မှစ၍ ဓားတန်းသို့ ယောင်ပေယောင်ပေနှင့် နှလုံးတုန်ရင်ခုန်စွာဖြင့် ရောက်ရှိကာ ညနေစောင်းသောအခါ ပဲကြီး လှော်(၂)ပြားဖိုးဝယ်၍ အိတ်ထဲတွင် သေချာထည့်လျက် အငြိမ့်စင်နှင့် မျက်နှာချင်းဆိုင် မန်ကျည်းပင်ခွစုံပေါ်တွင် ထိုင်လျက် သူ့သံဆန်းသီချင်းကို ငံ့လင့်နေသည်။ ယုဇနအေးစိန်က 'မယ်အေးလေးက ပို့တဲ့မေတ္တာ' သီချင်းကို ဆိုလိုက်သောအခါ သူ့တစ်သက်တွင် ထိုသီချင်းသံလောက် သာယာသည့်သီချင်းမရှိဟူ၍လည်း ထင်မိသည်။

'မယ်အေးလေးရဲ့မေတ္တာ'သီချင်းဖြင့် အောင်မြင်ပြီးနောက် ဆရာတင်မှ နန်းတော်ရှေ့ဟိန္ဒူဘုရားကျောင်းအနီးတွင် နေသောကြောင့် 'နန်းတော်ရှေ့ဆရာတင်'ဟု အမည်ပေးလေသည်။ ထိုအမည်ကိုပင် ဆရာတင်ကယူ၍ 'နန်းတော်ရှေ့ဆရာတင်'ဟု အမည်တွင်လေသည်။ ဆရာတင်သည် ဟိတ်ကြီးဟန်ကြီးမရှိ၊ သူ့ကို ပွဲတောင်းလျှင် ကိုယ်တိုင်တက်ဆိုပေးပါသည်။ ထို့ပြင် သူကိုယ်တိုင်ရေးစပ်ပြီး သူကိုယ်တိုင်သီဆိုသည့် ဓာတ်ပြားတွေလည်း အများကြီးရှိပါသည်။ ဆရာတင်မှာ တခံဏုပ္ပတိဉာဏ်ကောင်းသူဖြစ်သည်။ သီချင်းရေးအလွန်မြန်သည်။ တစ်ခါတစ်ရံ သီချင်းရေးခိုင်းသူရှေ့ တစ်ထိုင်တည်းနှင့် ရေးစပ်နိုင်သူဖြစ်ပါသည်။ တစ်ခါတလေ သီချင်းရေးစပ်ပေးပါဦးဟု ငွေပေးလိုက်သော်လည်း သီချင်းလည်းမလာ၊ လူလည်းရှာမတွေ့တတ်သည့်အခါလည်း ရှိလေသည်။ တစ်ခါတစ်လေ လေဘာတီမမြရင် အိမ်သို့ အလည်လာရင်း သီချင်းတစ်ပုဒ်တက်ပေးချင်လျှင် လည်း တက်ပေးခဲ့သည်။ တစ်ခါတစ်ရံ သီချင်းရေးခ မပေးသူလည်း ရှိသည်။ တချို့က မပေးနိုင်လို့၊ တချို့က ဆရာတင်ကို နိုင်တဲ့သူ၊ ပိုက်ဆံကို ပေးတော့လည်း မယူ၊ မပေးတော့လည်း ဘာမှမပြော၊ တချို့သီချင်းတွေကတော့ စေတနာနှင့် အလကားရေးပေးတာလည်း ရှိတာပေါ့လေ။ နန်းတော်ရှေ့ဆရာတင်နှင့် မြို့မငြိမ်းတို့သည် တစ်ယောက်ကိုတစ်ယောက် လေးစားချစ်ခင်သည်။ သီချင်းရေးဆရာ အသက်အနေနှင့် ဆရာတင်က ကြီးသည်။ ဆရာတင်ကြောင့် မြို့မငြိမ်းသီချင်းရေးဆရာ ဖြစ်လာရခြင်းဖြစ်သည်။ ဆရာငြိမ်းက ဆရာတင်ကို သံဆန်းကို တီထွင်နိုင်သူဖြစ်သည်ဆို၍ တွေ့လျှင် မူးနေချိန်ဖြစ်ပါက ထိုင်၍ရှိခိုးသည်။ ဆရာတင် ကွယ်လွန်ပြီးနောက် ဆရာတင့်ကို မြှုပ်နှံရာ အုတ်စက်သင်္ချိုင်းရှိ အုတ်ဂူလေးကို ခဏခဏသွားပြီး ကန်တော့ရင်း ပုတီးစိပ်လေ့ရှိသည်။ ဆရာတင်ကလည်း မြို့မငြိမ်းကို လေးစားသည်။ မြို့မအသင်း တီးမှုတ်ရန် သီချင်းများကို ဆရာတင်က ရေးစပ်ပေးသည်။ ထိုသီချင်းနှင့် ထိုအလိုက်ကို သူကိုယ်တိုင်ယူပြီး မြို့မအသင်းက ဝိုင်းဖွဲ့တီးရန် ဆရာတင့်သီချင်းကို တီးကွက်၊ တီးလှည့်များ ကိုယ်တိုင်ခန့်ခွဲပေးသည်။ နန်းတော်ရှေ့ ဆရာတင် ရေးစပ်ပေးသည့် 'အောင်ပင်လယ်'သီချင်းကို မြို့မတီးဝိုင်းက တီး၍ ဝိုင်းတော်သား 'ကိုသန့်စင်'က သီဆိုသည့်အခါ မြို့မငြိမ်းကိုယ်တိုင် ဘင်ဂျိုဝင်၍ တီးပေးပါသည်။ (အောင်ပင်လယ်)ဟူသော အပိုဒ်ခြောက်ကြိမ် အဆိုတွင် ဆရာငြိမ်းက အသံကို အပြန်အလှန်တီးပြီး တောပေးရာ ဂီတနယ်မှ လူတွေက လက်ဖျားခါ၍ သဘောကျခဲ့ကြလေသည်။ ဆရာငြိမ်းသည် ငယ်စဉ်က ဘင်ဂျိုကို သူအကြိုက်ဆုံးတူရိယာတစ်ခုအဖြစ်နှင့် တီးခဲ့သူဖြစ်သည်။

(၁၉၄၉)ခုနှစ် မတ်လဆန်းတွင် ဆရာတင်သည် မေမြို့ကို ကရင်များ သိမ်းထားသည့်သတင်းကြားသဖြင့် ရန်ကုန်မှ မန္တလေးသို့ ပြန်လာခြင်းဖြစ်သည်။ ထိုအချိန် ဆရာတင်၏အိမ်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသည့် နန်းတော်ရှေ့ ခင်မကန်တိုက်မှ ဆရာတော်'ဘဒ္ဒန္တသုမန'ကျောင်းရှေ့တွင် စကြံလျှောက်နေသည်ကို မြင်သဖြင့် ဆရာတင်မှာ သူ့အိမ်သို့ မဝင်သေးဘဲ ဆရာတော်ဘဒ္ဒန္တသုမနကို လာ၍ ဝတ်ချသည်။ ဆရာတင်သည် အဝေးမှပြန်လာတိုင်း ဆရာတော် ဘဒ္ဒန္တသုမနကို လှူဖွယ်ပစ္စည်းများနှင့် အမြဲတမ်းကန်တော့လေ့ရှိသူဖြစ်သည်။ ယခုတစ်ခေါက်တွင်မူ သူ့မှာလှူရန်ပစ္စည်းက မပါလာကြောင်း မန္တလေးကို ဇနီးနှင့် သားသမီးများကို စိုးရိမ်၍ နောက်ဆုံးရထားနှင့် လိုက်လာရကြောင်း လျှောက်ထားပြီး သူ့အိမ်ဘက်သို့ ကူးသွားလေသည်။

ရက်များမကြာမီ (၁၉၄၉)ခုနှစ်၊ မတ် (၁၁)ရက်တွင် မန္တလေးမြို့ကို ကရင်များ ဝင်လာသည့်အခါ နန်းတော်ရှေ့ဘက်မှလည်း ဝင်လာကြသဖြင့် ဆရာတင်သည် ဆရာတော်ဘဒ္ဒန္တသုမနကျောင်းခေါင်မိုးပေါ်မှ တက်၍ ကြည့်လိုက်သေးသည်။ ရက်များမကြာမီ ဆရာတင်သည် လေနာလွန်းသည်ဟုဆိုကာ ဗိုက်ကိုနှိပ်၍ ဘဒ္ဒန္တသုမနကျောင်းသို့ ကူးလာလေသည်။ လမ်းကူးလာစဉ် ဦးမင်းနှင့် ဦးစံဝင်းတို့ ညီအစ်ကိုနှင့်တွေ့၍ ဆရာတင်မှ သူနေမကောင်းကြောင်း ပြောပြရာ ဦးစံဝင်းက ကိုကြီးတင်ရောဂါက တီဘီရောဂါနဲ့ တူတယ်ဟု မှတ်ချက်ချကြသည်။ ထိုအချိန်က ဦးစံဝင်းမှာ ဆေးရုံကြီးတွင် ဓာတ်မှန်ရိုက်ဌာန၌ အလုပ်လုပ်သူဖြစ်သည်။ ထိုအချိန်တွင် အစိုးရတပ်များနှင့် ကရင်တပ်များ တိုက်ခိုက်နေချိန်ဖြစ်၍ နေအိမ်တွင်နေလျှင် ကျည်ဆန်အန္တရာယ်ရှိသောကြောင့် သူနေမကောင်းသဖြင့် ဆရာတော်၏ကျောင်းတွင် ကျည်ဆန်ရှောင်ဦးမည်ဟုဆိုကာ ဆရာတော်အား ခိုကိုးခွင့်ပြုပါဟု လျှောက်ထား၍ ကျောင်းအောက် တစ်နေရာတွင် ခုတင်ကလေးတစ်လုံးပေါ်၌ လာ၍ အိပ်နေလေသည်။

ထိုအချိန်တွင် ဆရာတင်မှာ အတော်မကျန်းမမာဖြစ်နေသည်။ လူတွေမှာလည်း ဘယ်မှမသွားရဲ၊ မလာရဲဖြစ်နေသဖြင့် ဆေးဆရာခေါ်ကုရန် မလွယ်ကူပေ။ ဆရာတင် ချမ်းလာသည်။ ဖျားလာသည်ဆိုလျှင်ပင် ခြုံစရာစောင်မရှိသဖြင့် ဆရာတော်၏သင်္ကန်းကို ခြုံပေးရသည်။ ဆရာတော်ကျောင်းရောက်၍ (၄)ရက်မြောက်နေ့တွင် ဆရာတင် အနိစ္စရောက်ကွယ်လွန်လေသည်။ ပစ်ခတ်နေကြ၍ ဆရာတင်၏အလောင်းကို ကျောင်း၌ပင် နှစ်ရက်တိတိထားရသည်။ နောက်မှ အကြံရ၍ မန္တလေးတောင်ပေါ်တွင် တပ်စွဲထားသည့် အစိုးရတပ်ကိုသွား၍ နန်းတော်ရှေ့အရပ်တွင် အသုဘရှိသောကြောင့် အုတ်စက်သင်္ချိုင်းသို့ မြှုပ်နှံခွင့်ပြုပါရန် ခွင့်တောင်းကာ အစိုးရတပ်မှ တစ်နာရီကြာ အပစ်အခတ်ရပ်စဲပေးသဖြင့် ကျောင်းရှိ သံဃာ(၁၀)ပါးခန့်က သရဏဂုံတင်ပေးပြီး အရပ်ထဲမှ လူအချို့နှင့် သေနတ်သံစဲချိန်၌ မြေမြှုပ်လိုက်ရပါသည်။ ဦးစံဝင်းက ဆရာတင်၏ မြေပုံပေါ်တွင် အမှတ်အသားတိုင်လေးတစ်တိုင် စိုက်ထားပေးသဖြင့် နောင်တွင်မှ ဒေါ်ပင်လင်တင်နှင့် သားဖြစ်သူ ရွှေနန်းတင်မှ အုတ်ဂူလေးပြုလုပ်ထားပေးကြောင်း ရွှေနန်းတင်မှ ပြောပြ၍ သိရပါသည်။

နန်းတော်ရှေ့ဆရာတင်တွင် ဒေါ်သင်၊ ဒေါ်တင်(မင်းသမီး ပေါ်လင်တင်)ဒေါ်သိန်းမြနှင့် တံခွန်တိုင်မြသောင်းခင်ဟူ၍ ဇနီးလေးယောက်ရှိပါသည်။ ဆရာတင်တွင် သားသမီး(၁၃)ယောက်ရှိသည့်အနက် မြခြေကျင်းမငွေမြိုင် သင်ကြားပေးသည့် ရွှေမန်းညွှန့်လှိုင်ဆိုသော မင်းသားတစ်ယောက်နှင့် သားအငယ် ရွှေနန်းတင်တို့ မင်းသားဖြစ်လာ၍ သားဖိုးထောင်မှာ လူရှင်တော်ဖြစ်နေပါသည်။ ကျန်သားသမီးများ သဘင်အလုပ်တွင် မရှိကြပါ။ ဆရာတင် ရေးစပ်ခဲ့သော သီချင်းပုဒ်ရေမှာ ၃၀၀၀ ကျော်သည်ဟု ပေါ်လင်တင်နှင့် ရွှေနန်းတင်မှ ပြောပြ၍ သိရပါသည်။ များလွန်းသည်ဟုဆိုပေမယ့် ဆရာတင်က သီချင်းတစ်ပုဒ်ကို စာသားသုံးလေးခုခွဲ၍ ရေးခြင်းလည်းဖြစ်နိုင်ပါကြောင်း ဆရာတင်၏ သီချင်းများကို နားထောင်ဖူးသူတိုင်းသိလိမ့်မည်ဟု မျှော်လင့်မိပါသည်။ နန်းတော်ရှေ့ဆရာတင်မှ မြို့မတူရိယာအသင်းကြီးအတွက် ရေးစပ်ပေးသော သီချင်းပါ။

**အောင်ပင်လယ်**

ရွှေနန်းတော်ရှေ့××ရတနာပုံပြည်ဝယ်××ဓောင်းကလောကန်နဲ့နန္ဒာကန်လယ်××မွေးထုံပြန့်ကြွယ်××ပန်းရနံ့အသွယ်သွယ်×××တောင်သမန်××ရေအင်း…ငွေအဆင်းသို့နှယ်××ရေးကဆိုတယ် ××ဇဟိုနယ်××အို… ဘယ်ဌာန××ဤကာလဝယ်××ထွန်းပဝန်းကျယ်××လွှမ်းဖွယ်အံ့ဖွယ် အော်…ပန်းရနံ့အသွယ်သွယ်(အောင်ပင်လယ်)[၆] တကယ်××တောအစစ်ကဲ့သို့ လယ်ကောဖြစ်လို့မို့××ကောင်းဖို့ရွယ်သောခေတ်ကို ××အထူးသဖြင့် မျှော်မိတယ်×××

ကွယ်လွန်သွားကြပြီဖြစ်တဲ့ 'နန်းတော်ရှေ့ဆရာတင်နှင့် သားစည်သူ ရွှေနန်းတင် ကောင်းရာသုဂတိလားပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဆရာတင်အကြောင်း ဤတွင် နိဂုံးချုပ်လိုက်ရပါသည်။ နန်းတော်ရှေ့နယ်နိမိတ်အတွင်း နေထိုင်ကြကုန်သော ရဟန်းသံဃာများနှင့် ရပ်မိရပ်ဖများအားလုံး ကျန်းမာချမ်းသာကြပါစေခင်ဗျာ။

**ကိုးကား–လူထုဒေါ်အမာ၏ ပြည်သူချစ်သော အနုပညာရှင်များ**

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**



# အခြေခံအင်္ဂလိပ်စာသင်တန်းဆင်းပွဲ ကျင်းပ

**မကွေး မတ် ၂၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ထနောင်းရင်ခွင်ပရဟိတအသင်းတို့ ပူးပေါင်း၍ အခြေခံအင်္ဂလိပ်စာသင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက လူထုအခြေပြု ဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

သင်တန်းဆင်းပွဲတွင် ထနောင်းရင်ခွင်ပရဟိတအသင်းမှ သင်တန်းပို့ချပေးခဲ့သော ဆရာများက သင်တန်းမှ ပို့ချသင်ကြားပေးထားသည့် သင်ခန်းစာများကို အကျိုးရှိရှိ အသုံးချစေချင်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းသင်ခန်းစာများ သင်ကြားရာတွင်လည်း များစွာ အထောက်အကူပြုသည့်အတွက် ဆက်လက်လေ့ကျင့်သွားကြစေလိုကြောင်း ပြောကြားသည်။

ကျောင်းသား၊ ကျောင်းသူကလေးငယ်များ နွေရာသီကျောင်းပိတ်ရက် အားလပ်ရက်များတွင် အချိန်ကို အကျိုးရှိရှိ အသုံးချနိုင်စေရန်၊ အသိပညာ ဗဟုသုတ တိုးပွားလာစေရန်၊ အင်္ဂလိပ်စာအခြေခံကို သိရှိနားလည်ပြီး ဆက်လက်လေ့လာသင်ယူတတ်စေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်လာစေရန် ရည်ရွယ်၍ မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် အခမဲ့ အခြေခံအင်္ဂလိပ်စာသင်တန်းကို ရက်သတ္တ သုံးပတ်ကြာ သင်ကြားပို့ချခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၅၇ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# လူငယ်နဲ့ အခွင့်အလမ်း စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပ

**မန္တလေး မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) ရေးသားထားသော 'လူငယ်နဲ့ အခွင့်အလမ်း' စာအုပ်ဖြင့် စာပေချစ်မြတ်နိုးသူ Book Club အဖွဲ့ဝင်များနှင့် စာဖတ်ဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စာရေးဆရာ ဦးမြင့်မောင်မောင်က စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) ရေးသားထားသော 'လူငယ်နဲ့ အခွင့်အလမ်း' စာအုပ်မှ အကြောင်းအရာများ အနက် 'လူ့တန်ဖိုး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ 'အောင်မြင်မှုရယူခြင်း' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ 'ဘဝထဲက သင်ခန်းစာ' ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားခဲ့ရာ စာဖတ်ဝိုင်းတက်ရောက်လာသူ Book Club အဖွဲ့ဝင်များကလည်း အသီးသီး ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စင်မင်းမောင်(ခရိုင်-ပြန်/ဆက်)**

# ပဲတီစိမ်းဈေးမြင့်တက်မှုကြောင့် တောင်သူများ အဆင်ပြေလာ

**မန္တလေး မတ် ၂၇**

တရုတ်နိုင်ငံ၏ ဝယ်လိုအား မြင့်တက်လာမည့် မျှော်လင့်ချက်များကြောင့် ပဲတီစိမ်းဈေးများ ယခုတစ်ပတ်အတွင်း ဆက်လက်မြင့်တက်လာပြီး စိုက်ပျိုးသူ တောင်သူများအတွက် အကျိုးရှိသော အခြေအနေတစ်ရပ်ဖြစ်ပေါ်လာကြောင်း သိရသည်။

ဆောင်းရာသီ ပဲတီစိမ်းဈေးကွက်ဝင်ချိန်နှင့်တစ်ပြိုင်နက် ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် တောင်သူများသည် ထွက်ရှိသည့် သီးနှံများကို ယခင်ထက် ဈေးမြင့်ဖြင့် ရောင်းချနိုင်ပြီး ဝင်ငွေတိုးတက်လာနိုင်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိတွင် နယ်မြို့များ၌ ပဲတီစိမ်း ပိဿာ ၂၀ လျှင် ငွေကျပ် ၁၂၅,၀၀၀ အထိ မြင့်တက်လာပြီး ရန်ကုန်ဈေးကွက်တွင်လည်း ပြည်ပတင်ပို့ရောင်းချသည့် FOB ဈေးနှုန်းများ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀ ခန့် မြင့်တက်လာခဲ့သည်။ **(အောက်ပုံ)**

ထို့အပြင် ပဲတီစိမ်း(အညာ) FAQ ဈေးနှုန်းမှာ တစ်တန်လျှင် ၈၈၀ မှ ၈၉၀ ဒေါ်လာအထိ၊ ပဲတီစိမ်း(ရွှေဝါ)FAQ မှာလည်း ၉၇၀ မှ ၉၈၀ ဒေါ်လာအထိ မြင့်တက်လာပြီး ပြည်တွင်းဈေးကွက်တွင်လည်း တစ်ပိဿာလျှင် ငွေကျပ် ၅,၀၀၀ ကျော်မှ ၆,၀၀၀ ဝန်းကျင်အထိ တိုးမြင့်လာကြောင်း သိရသည်။

ယင်းကဲ့သို့ ဈေးနှုန်းမြင့်တက်လာမှုသည် ထုတ်လုပ်မှုကုန်ကျစရိတ်များမြင့်တက်နေသည့် အခြေအနေအတွင်း တောင်သူများအတွက် အမြတ်အစွန်းရရှိနိုင်မှုကို တိုးမြင့်စေပြီး စိုက်ပျိုးရေးလုပ်ငန်း ဆက်လက်တိုးချဲ့ရန် အားပေးမှုတစ်ရပ် ဖြစ်လာနေကြောင်း သုံးသပ်ထားသည်။

မန္တလေးဈေးကွက်တွင်မူ ပဲတီစိမ်း (အညာ) တစ်တန်လျှင် ငွေကျပ် ၃,၁၅၀,၀၀၀ ကျော်ဖြင့် ဈေးတည်ငြိမ်နေဆဲဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## လိပ်ပြာတောင်ပံခတ်ပြန်ပါရင်

* ပန်းကလေးတစ်ပွင့်
ကြွေလွင့်ရသည်
လိပ်ပြာတောင်ပံ
ခတ်ပြန်ပါရင် ။

* လူကို ဒုက္ခ
ရောက်ခဲ့ကြသည်
ဒေါသ တောင်ပံ
ခတ်ပြန်ပါရင် ။

* လိပ်ပြာဆိုတာ
သတ္တဝါမို့
သိညာဏ်နည်းပါး
ခတ်ငြားပါစေ
တောင်ပံတွေ ။

* လူတို့မှာကွယ်
အသိကြွယ်လှ
ဉာဏ်ရှိကြမို့
ဒေါသ တောင်ပံ
မခတ်ရန်သိ
တရားရှိစွာ
ဆင်ခြင်ပါလေ
များလူတွေ ။ ။

ခင်မောင်(ငါန်းဇွန်)



ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာစို့ ။

## ပခုက္ကူမြို့၊ သီဟိုဠ်ရှင်မြတ်စွာဘုရား လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ပြီးစီးမှု အထိမ်းအမှတ်ပွဲတော် ကျင်းပသွားမည်

**ပခုက္ကူ မတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင် မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ရာနှုန်းပြည့် ကပ်လှူပူဇော်ပြီးစီးမှု အထိမ်းအမှတ်ပွဲတော်များကို မတ် ၂၇ ရက်မှ ဧပြီ ၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။



'မတ် ၂၇ ရက် နံနက်ပိုင်းတွင် ဘုရားကြီးမြောက်ဘက်မုခ်ဦးရှေ့၌ အောင်ပွဲအထိမ်းအမှတ် ဖွင့်ပွဲကိုလည်းကောင်း၊ မတ် ၂၇ ရက် ညနေပိုင်းတွင် ဆည်းဆာတရားပွဲတော်ကိုလည်းကောင်း၊ မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲကိုလည်းကောင်း၊ သီဟိုဠ်ရှင် ကဇာတ်ရုံတွင် မတ် ၃၀ ရက်မှ ဧပြီ ၁ ရက်အထိ မန္တလေးအားမာန်သစ် ဇာတ်အဖွဲ့နှင့် ဧပြီ ၅ ရက်မှ ၇ ရက်အထိ မန္တလေးကောင်းစစ်ဟိန်းဇာတ်အဖွဲ့တို့ဖြင့် ဇာတ်အလှသဘင် ဖျော်ဖြေရေးအစီအစဉ်များကိုလည်းကောင်း၊ ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ဘုရားအနေကဇာတင်ဗုဒ္ဓပူဇနိယပွဲတော်၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ၊ ရေစက်ချတရားပွဲနှင့် စတုဒိသာ ကျွေးမွေးခြင်း၊ ဧပြီ ၁ ရက် ညနေပိုင်းတွင် ပင့်သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်တော်လောင်းလှူခြင်းတို့ကိုလည်းကောင်း အသီးသီး ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါပွဲတော်ကာလများအတွင်း ဈေးဆိုင်ခန်းပေါင်း ၃၀၀ ခန့်ဖြင့် အညာဒေသထွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်ဒီဇိုင်းမျိုးစုံ၊ ကလေးကစားစရာပစ္စည်းမျိုးစုံ၊ တောင်သူလယ်သမားသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်း အရောင်းဆိုင်များနှင့် မုန့်ဆိုင်တန်းများ ပါဝင်သော ရပ်နီး၊ ရပ်ဝေးမှ ဈေးသည်များနှင့် ဒေသခံဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော်အပြင် မိဘပြည်သူများ စိတ်အပန်းပြေနိုင်စေရေးအတွက် ကလေးကစားစရာနေရာများ၊ ပင်လယ်ဓားပြအပါအဝင် အပျော်စီးနေရာများ စီစဉ်ထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း' ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှဖုန်းထံမှ သိရသည်။

ပခုက္ကူမြို့ သီဟိုဠ်ရှင် မြတ်စွာဘုရားစေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း လုပ်ငန်းကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်မှ စတင်ပြီး ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၄၀)



## ရာသက်ပန် ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး မတ် ၂၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (မွှာစရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်သည်။

ထို့နောက် အလှူရှင် ဦးအုန်းမောင် + ဒေါ်အေးအေးရီ(အေးမေတ္တာ မြန်မာထမင်းဆိုင်၊ ရွှေမြန်မာဟိုတယ်) မန္တလေးမြို့ မိသားစုက (၃၈)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၈၃ သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ၁၇ သိန်း၊ စုစုပေါင်းငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ရုံးအဖွဲ့ဝင် ဦးမြင့်ကိုက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်မိသားစုတို့က ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ဆရာတော်၊ သံဃာတော်များအား နဝကမ္မ အလှူငွေများ တစ်ပါးချင်းစီ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(အပေါ်ပုံ) PNT

## ဘုတလင်မြို့နယ်၊ ညောင်ကန်နှင့် ရွာသာရွာရှိ စေတီနှစ်ဆူ ဗုဒ္ဓပူဇနီယသံဃာ့ဒါန ဆွမ်းလောင်းပွဲကျင်းပ

**မုံရွာ မတ် ၂၇**

မုံရွာခရိုင်ဘုတလင်မြို့နယ် ညောင်ကန်စံပြကျေးရွာနှင့် ရွာသာရွာ မောဂ္ဂလာန်တောင်ကျောင်းရှိ 'လောကမာရဇိန်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး'နှင့်'လောကသရဖူ ချမ်းသာကြီးစေတီတော်' တို့၏ ဗုဒ္ဓပူဇနီယသံဃာ့ဒါန ဆွမ်းလောင်းပွဲတော်ကြီးကို ၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက်၊ မတ် ၂၅ ရက် နံနက်ပိုင်းက ကျင်းပသည်။



'လောကမာရဇိန်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး'ကို ရန်ကုန်မြို့နေ ဦးတင်လှိုင်(ဆရာလယ်တွင်းသားစောချစ်)+ဒေါ်မြင့်မြင့်(ပန်းမြိုင်လယ်စာပေ)မိသားစုက ပြုပြင်တည်ထားကိုးကွယ်ထားခြင်းဖြစ်ပြီး 'လောကသရဖူ ချမ်းသာကြီးစေတီတော်'ကို မန္တလေးမြို့နေ ဦးသန်းငွေ+(ဒေါ်တင်တင်အေး)မိသားစုက ပြုပြင်တည်ထားခြင်းဖြစ်သည်။

ပင့်သံဃာ ၅၀ ကို စာရေးတန်မဲများ လှူဒါန်းပြီး စိုင်ပြင်ကြီးနေ ဦးမောင်တာ+ဒေါ်ချိုမာ(ကောင်းချိုငါးခြောက်ရောင်းဝယ်ရေး မိသားစု)မှ ပင့်သံဃာများကို ဆွမ်းကပ်လှူခဲ့ပြီး ဆွမ်းလောင်းလာရောက်ကြသော ဧည့်ပရိသတ်များကို အာဟာရထမင်းကျွေး ကုသိုလ်ပြုသည်။

ထို့အပြင် ရွာသာရွာနေ မနှင်းခိုင်နှင့် အမျိုးသမီးအဖွဲ့မှ အချိုပွဲ ဆက်ကပ်လှူဒါန်းကြပြီး ဝေယျာဝစ္စလုပ်အားဒါနကို ရွာသာရွာနေ ဒေါ်တင်မေရီ၊ ဒေါ်ခိုင်မာလာတို့အဖွဲ့က ကုသိုလ်ပြုဆောင်ရွက်ကြသည်။

ကုသိုလ်အစုစုကို ရွှေစည်းခုံဆရာတော် ဘဒ္ဒန္တဣန္ဒြိယက ပတ္တိဒါနကုသိုလ်အဖြစ် ရေစက်ချ အနုမောဒနာတရား ချီးမြှင့်တော်မူရာ လာရောက်လှူဒါန်းကြသူများက ၃၁ ဘုံ ကျင်လည်ကုန်သော နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းကို အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၉၄)




မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့၊ ၈၇လမ်း၊ ၂၂လမ်းနှင့် ၂၃လမ်းကြားနေ ဦးကျော်ညွန့် + ဒေါ်သန်းနွဲ့(၇၅) နှစ်ပြည့်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ကေမီမွန် ဒန်ပေါက် မိသားစုက ဆေးပဒေသာပင် ငွေကျပ် ၁၀၀၀၀၀၀ ကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။ (ကဆ)

## မဟာမုနိဘုရားကြီးဘက်စုံပြုပြင်ရန်နှင့် အပေါ်ထုပိကာတော်တွင် ရွှေစင်ရွှေပြားများ ကပ်လှူရန် ငွေများလှူဒါန်း

**မန္တလေး မတ် ၂၇**

မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် မဟာမုနိဘုရားကြီး ပျက်စီးမှုများအား ရှေးမူမပျက် ပြုပြင်လျက်ရှိသည်။ မဟာမုနိဘုရားကြီး ရွှေကျောင်းတော်ကြီးအပေါ်ရှိ ထုပိကာတော်တွင် ရွှေစင်ရွှေပြားများ အသစ်ကပ်လှူပူဇော်မည်ဖြစ်သဖြင့် ရွှေချိန် တစ်ကျပ်သားရှစ်ပဲသားရှိ ကိုးလက်မပတ်လည် ရွှေစင်ရွှေပြား တစ်ချပ်လျှင် ငွေကျပ်သိန်း ၉၀ နှုန်းဖြင့် အလှူရှင်ကမ္ဘည်းထိုး၍ လှူဒါန်းနိုင်ရာ မတ် ၂၃ ရက်က မန္တလေးမြို့နေ ဦးအောင်ဇော်ထွန်း+သုမ္မမသီဂီ ဒေါ်ဝင်းဝင်းငွေး မိသားစုက ငွေကျပ်သိန်း ၉၀ ကိုလည်းကောင်း၊ ဘက်စုံပြုပြင်ရန် ထိုင်းနိုင်ငံမှ ချင်းမိုင်ဆရာတော်နှင့် ဝမ်တိန်ကျောင်းတပည့်များက ငွေကျပ်သိန်း ၅၀၀ ကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်နေ ရဲမှူး ဦးသိန်းထွေးအား ရည်စူး၍ ဒေါ်ခင်ခင်စောမိသားစုက ငွေကျပ်သိန်း ၁၀၀၀ တို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

မဟာမုနိဘုရားကြီး ကျောင်းတော်ကြီး၊ ပြတိုက်များ၊ စောင်းတန်းနှင့် မုခ်ဦးပြာသာဒ်များ ဘက်စုံပြုပြင်ရန် လှူဒါန်းလိုပါက ဖုန်း ၀၉-၄၄၄၀၄၄၄၇၅ နှင့် ၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၄၅)

*-*-*-*-*

## အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် မတ် ၂၇**


မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှ ကြီးမှူး၍ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့ဆောင်ရွက်ပေးလျက်ရှိပြီး ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံအောက်ထပ်၌ ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ စီစဉ်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) ဇော်ထက်(သရက်)

# တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှု အနုပညာ




ငွေကြေးကုန်ကျမှုမရှိ ဘေးထွက်ဆိုးကျိုးကင်းစင်သော မိမိကိုယ်တိုင်ကိုယ်ကျ ပြုလုပ်နိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို တတ်ကျွမ်းသော သမားတော်များက စေတနာဖြင့် မျှဝေထားပါသည်။ အဆိုပါနည်းလမ်းများကို လက်တွေ့ကျင့်သုံးကြည့်သောအခါ အလွန်အင်မတန်မှကို အကျိုးထူးကို ရရှိခံစားရသည့်အပေါ် ထပ်ဆင့်ဖော်ပြအပ်သည်။ လွယ်ကူသော၊ ရိုးရှင်းသော၊ ထိရောက်သောနည်းလမ်းများဖြစ်၍ လူတိုင်းလူတိုင်း၏ ကျန်းမာရေးကို စောင့်ရှောက်ရာတွင် မဖြစ်သေးသော ရောဂါများကို ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်နေဆဲရောဂါအထွေထွေကို သက်သာပျောက်ကင်းစေခြင်း၊ စိတ်ချမ်းသာစေခြင်းတို့ကြောင့် ထူးမြတ်သော ကျန်းမာရေးစောင့်ထိန်းမှုနည်းလမ်းများဟူ၍ပင် ဆိုချင်ပါတော့သည်။

လူ၏ခန္ဓာကိုယ် အစိတ်အပိုင်းအလိုက် အောက်ပါလေ့ကျင့်ခန်း(သို့မဟုတ်)ကိုယ်ကာယလှုပ်ရှားမှုတို့ကို တင်ပြရမည်ဆိုသော်…

(၁) **ကျောက်ကပ်အားကောင်းအောင် ခြေဖျားထောက်၍ လမ်းလျှောက်ပေးပါ။**

ကျောက်ကပ်သည် လူ့ခန္ဓာကိုယ်တစ်ခုလုံး၏ အညစ်အကြေး၊ အဆိပ်အတောက်တို့ကို အပြင်သို့ စွန့်ထုတ်ရန် အဓိကကျသော အင်္ဂါဖြစ်သည်။ ကျောက်ကပ်မကောင်းလျှင်(သို့)ချို့ယွင်းလာလျှင် ခါးနာလာသည်။ ဆီးကျဉ်၊ ဆီးအောင့်၊ ဆီးသွားမဝ ဖြစ်လာသည်။ ဆီးသွားချင်သော်လည်း ချက်ချင်းသွားမရဘဲ တဖြည်းဖြည်း အချိန်ကြာမြင့်စွာသွားရသည်။ ဆီးကျန်သေးသည်ဟူ၍ ထင်မှတ်ရသည်။ ဤ သို့ ခံစားလာရပါလျှင် မိမိအိမ်တွင်း၌ပင်လျှင် ခြေဖျားထောက်၍ လမ်းလျှောက်ပေးခြင်း လေ့ကျင့်ခန်းကို လုပ်ပေးပါ။ အနည်းဆုံး အခါ ၅၀ ရှိပါစေ။ အချိန်ရလျှင် ပို၍လုပ်ဆောင်ပေးပါလေ။ ရေများများကိုလည်း သောက်သုံးပေးပါ။ အချိုရည်များကို ရှောင်ပါ။ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားသည်ကို တွေ့ရပါမည်။ ကျောက်ကပ်မပျက်စီးဘဲ ပြန်လည်အားကောင်းလာသည်ကို ခံစားရမည် ဖြစ်ပါသည်။

(၂) **အသည်းအားကောင်းအောင် ချိုင်းအောက်ကို လက်ခုပ်ဖြင့် ပုတ်ပေးပါ။**

အသည်းသည် လူ့ခန္ဓာကိုယ်တွင် အလုပ်လုပ်ရဆုံးသောအစိတ်အပိုင်းဖြစ်သည်။ သွေးများကို သန့်စင်ပေးသော အင်္ဂါဖြစ်သည်။ မလိုအပ်သော ဒြပ်ပေါင်းများသည် အသည်းတွင် စုမိပါသည်။ အသည်းမာဆတ်ခြင်း၊ အသည်းဆဲလ်များ ပျက်စီးခြင်းတို့ ဖြစ်ရသည်။ အသည်း၏လုပ်ဆောင်မှု အားနည်းလာလျှင် ရင်ဘတ်ထဲ လေးလံလာခြင်း၊ အသားဝါလာခြင်း၊ အားနည်းလာခြင်း၊ အချိန်ကြာသော် ရင်ဘတ်အောင့်လာခြင်းတို့ ခံစားရသည်။ ထိုအခြေနေထိ ပြလာပြီဆိုလျှင် မိမိ၏ချိုင်းအောက် ဘယ်ညာနှစ်ဖက်ကို လက်ခုပ်ဖြင့် ပုတ်ပေးရသည်။ အနည်းဆုံး တစ်ဖက် အကြိမ် ၅၀ ရှိပါစေ။ နေ့စဉ် ပို၍လုပ်နိုင်လျှင် လုပ်သလောက် အသည်းကို ကောင်းမွန်စေသည်။ မခက်ခဲပါဘဲ လွယ်ကူလျင်မြန်စွာ ပြုလုပ်နိုင်ပါသည်။ ခန္ဓာကိုယ်၏လိုအပ်သော တောင်းဆိုချက်ကို တန်ပြန်ဆောင်ရွက်ပေးလိုက်ခြင်းဖြစ်သည့်အတွက် အသည်းဝေဒနာ ခံစားရမှုမရှိနိုင်တော့ပေ။

(၃) **နှလုံးအားကောင်းအောင် တံတောင်ဆစ်အကွေး ချိုင့်ထဲကို လက်ခုပ်ဖြင့် ပွတ်ပေးပါ၊ ညင်သာစွာ ပုတ်ပေးပါ။**

နှလုံးသည် လူ့ခန္ဓာကိုယ်တစ်ခုလုံးကို သွေးများလှည့်ပတ်အောင် တွန်းတင်ပေးသော အင်္ဂါဖြစ်သည်။ တစ်မိနစ်လျှင် အကြိမ် ၇၀ နှလုံးခုန်နေပါသည်။ အိပ်နေစဉ်၌ပင် ခုန်လျက်ရှိနေပါသည်။ လူတစ်ယောက် အသက်ရှင်ရေးအတွက် သွေးသည် ထက်မြက်သော အရာဖြစ်သည်သာမက ရောဂါဝေဒနာကို ကာကွယ်ပေးခြင်းနှင့် ပျက်ပြားသွားသော အသားမျှင်များကို ပြန်၍ ပြုပြင်ပေးသည်။ ကိုယ်ခန္ဓာ၏ အနာတရများကိုလည်း သွေးသည် ပျောက်ကင်းအောင်ဆောင်ရွက်သည်။ ပြင်ပမှ ရောဂါပိုးများကိုလည်း သွေးဖြူဥအဖြစ်ပြောင်း၍ နှိမ်နင်းပေးသည်။ ထို့ကြောင့် အသက်တမျှ အရေးကြီးသောသွေးကို ဖြန့်ဝေနေသော နှလုံးကို Heart Attack မဖြစ်အောင် မိမိ၏ တံတောင်ဆစ်အကွေးချိုင့်ထဲကို လက်ခုပ်ဖြင့် အကြိမ် ၅၀ ထက်မနည်း ပွတ်ပေး၊ ပုတ်ပေးပါ။ နှလုံးအလုပ်လုပ်နိုင်အားကောင်းလာမည်ဖြစ်ပါသည်။ နှလုံးခုန်အားမကောင်းလျှင် သွေးလည်ပတ်မှုအားနည်းလာသည်။ သွေးကြောများမှာလည်း မာကျောလာသည်။ တဖြည်းဖြည်း အားအင်ချည့်နဲ့လာသည်။ အသားအရေ မည်းခြောက်လာသည်။ ကိုယ်လက် လေးလံထိုင်းမှိုင်းလာသည်။ အင်္ဂါကြီးငယ်တို့မှာလည်း ပုံမှန်အလုပ်မလုပ်၍ ရောဂါဘယအမျိုးမျိုး ခံစားရနိုင်သည်။ ထိုထို ဒုက္ခတို့မှ ကင်းဝေးစင်ကြယ်အောင် နှလုံးအားကောင်းဖို့လိုသည်။ နှလုံးအားကောင်းသော လေ့ကျင့်ခန်းကို အမြဲလုပ်ဆောင်ပေးပါဟုသာ ဆိုချင်ပါတော့သည်။

(၄) **အစာအိမ်အားကောင်းအောင် ချက်ပတ်လည်ကို လက်ဖြင့် ပွတ်သပ်ပေးပါ။**

အစာအိမ်သည် စားသမျှအစာတို့ကို ကျေညက်စေ၍ အဆီဩဇာဖြစ်စေပြီးနောက် သွေးအဖြစ်ပြောင်းလဲကာ ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ အချိုးကျလျှောက်စေပြီး အလုပ်ကိုယ်စီလုပ်စေသည်။ အစာအိမ်သည် အားအင်ဖြစ်စေရာ အဓိက မူလဌာနဖြစ်သည့်အားလျော်စွာ အမြဲတမ်းကောင်းမွန်ဖို့လိုပါသည်။ ထိုသို့ဆိုလျှင် မိမိ၏ ချက်ပတ်လည်ကို လက်ဖြင့်ပွတ်သပ်ပေးသော လေ့ကျင့်ခန်းလုပ်ပေးရပါမည်။ ရေချိုးသည့်အခါဖြစ်စေ၊ လဲလျောင်းနေစဉ်ဖြစ်စေ ဤလေ့ကျင့်ခန်းကို လုပ်လို့ရပါသည်။ အကြိမ်ရေ ၅၀ ထက်မနည်း ပွတ်သပ်ပေးပါ။ ထူးခြားလာပါလိမ့်မည်။ အစာအိမ်မကောင်းလျှင် လေချဉ်တက်ခြင်း၊ ဗိုက်နာခြင်း၊ ရင်ခေါင်းပူခြင်း၊ ခေါင်းကိုက်ခြင်း၊ နောက်ကျောတက်ခြင်း၊ ရင်ဘတ်စူးအောင့်ခြင်း၊ အော့အန်ချင်စိတ်ဖြစ်ခြင်း စသည်တို့ ဖြစ်တတ်သည်။ ထိုဝေဒနာများမှ ကင်းဝေးပြီး အစာအိမ်အားကောင်းစေရန် အဆိုပါလေ့ကျင့်ခန်းကို ယုံကြည်စွာ လုပ်ဆောင်ပေးပါဟု ထပ်ဆင့်ညွှန်းဆိုချင်ပါသည်။

(၅) **ကျောရိုးဆစ်များ ကောင်းမွန်သန်စွမ်းဖို့ အိပ်ရာထတွင် ဒူးနှစ်ဖက်ကို လှမ်းပိုက်ပြီး မတ်တတ်ရပ်ပါ။ ပြန်ထိုင်ပေးပြီး နောက်သို့ ဖြည်းညင်းစွာ လှန်ချအိပ်ပေးပါ။**

ကျောရိုးဆစ်များသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပြီး ဦးခေါင်းခွံနှင့် ဆက်သွယ်ထားသည်။ ဦးနှောက်နှင့်ဆက်လျက်ရှိသော ကျောရိုးခြင်ဆီမျှင်သည် ဦးခေါင်းခွံမှထွက်၍ အောက်သို့ဆင်းလာပြီး ကျောရိုးဆစ်များကို ဖြတ်သန်းကာ အာရုံကြောမျှင်များအဖြစ် ပြောင်းလဲသွားသည်။ ထိုမှတစ်ဆင့် ဦးနှောက်သို့ ဆက်သွယ်သည်။ ဦးနှောက်ဘယ်ဘက်ခြမ်းသည် ခန္ဓာကိုယ်ညာဘက်ကို အုပ်ချုပ်၍ ဦးနှောက်ညာဘက်ခြမ်းသည် ခန္ဓာကိုယ်ဘယ်ဘက်ကို အုပ်ချုပ်သည်။ အာရုံကြောကောင်းစေရန်နှင့် ကျောရိုးဆစ်များကျန်းမာကြံ့ခိုင်စေရန် အိပ်ရာထတွင် ဒူးကိုပိုက်၍ မတ်တတ်ရပ်၊ ပြန်ထိုင်ဒူးပိုက်ပြီး နောက်ပြန်လှဲချ အိပ်လိုက်ခြင်းဖြစ်သည်။ ဤသို့ အကြိမ်ရေ ၅၀ လေ့ကျင့်ခန်း လုပ်ပေးပါ။ ဤလေ့ကျင့်ခန်းကြောင့် တစ်ကိုယ်လုံးရှိ အာရုံကြောများ ကောင်းမွန်သန်စွမ်းစေပြီး စိတ်ကြည်လင်လန်းဆန်းမှုကို ရရှိစေမှာ ဖြစ်ပါသည်။

(၆) **ဦးနှောက်အာရုံကြောလန်းဆန်းပြီး သွေးလှည့်ပတ်မှုအားကောင်းစေဖို့ ငယ်ထိပ်ကို လက်ခုပ်ဖြင့် ဖြည်းဖြည်းပုတ်ပေးပါ။**

ဦးနှောက်သည် အာရုံကြောများနှင့် ဆက်သွယ်၍ ခန္ဓာကိုယ်တစ်ခုလုံးကို စီမံခန့်ခွဲလျက်ရှိရာ ဦးနှောက်သေလျှင် လူသေသည်နှင့် မခြားတော့ပါပေ။ အာရုံကြောများမှ သတင်းပေးမှုကို ဦးနှောက်ကလက်ခံ၍ ကိုယ်အင်္ဂါအစိတ်အပိုင်း အသီးသီးသို့ ကြွက်သားများမှတစ်ဆင့် အမိန့်ပေး၍ လှုပ်ရှားစေ၏။ ဦးနှောက်သည် စဉ်းစားတတ်၊ မှတ်တတ်သည်။ အလိုကိုသိ၍ မည်သို့ပြုလုပ်ရမည်ကို ဆုံးဖြတ်ပြီး ကိုယ်အင်္ဂါအစိတ်အပိုင်း အသီးသီးတို့ကိုလည်း စိုးမိုးကြီးကြပ်တတ်သည်။ လူတစ်ယောက် ကျန်းမာရွှင်လန်းစေရန် ဦးနှောက်နှင့် အာရုံကြောများကျန်းမာ၍ ပကတိကောင်းမွန်သော အခြေအနေ၌ တည်ရှိနေစေရန် ကိုယ်ခန္ဓာတစ်ခုလုံးသည် ကျန်းမာသန်စွမ်းခြင်းရှိရမည်။ ထိုကျန်းမာသန်စွမ်းခြင်း ဆုလာဘ်ကိုရရှိစေရန် မိမိခန္ဓာကိုယ်၏ဦးခေါင်းပိုင်းရှိ 'ငယ်ထိပ်'ကို လက်ခုပ်ဖြင့် ဖြည်းဖြည်းချင်း အကြိမ် ၅၀ အသာအယာ ထိကပ်ပုတ်ပေးပါ။ ဤလေ့ကျင့်ခန်း၏ အကျိုးထူးကို လက်တွေ့ခံစားရပါမည်။

(၇) **ခြေဖဝါးကို နှိပ်နယ်ခြင်းဖြင့် ကျန်းမာစေခြင်း။**

ခြေဖဝါးနှစ်ဖက်ကို ကြည့်မည်ဆိုလျှင် ဖဝါးအလယ်တည့်တည့်သည် 'ပထဝီကြော' ဟု တင်စားခေါ်ဝေါ်သော နေရာဖြစ်သည်။ တစ်ကိုယ်လုံးရှိ အပူချိန်များကို ဤပထဝီကြောကို ရွေးချယ်နှိပ်နယ်၍ ထုတ်ပယ်လေ့ရှိကြသည်။ သို့သော် ခြေဖဝါးတစ်ခုလုံးတွင် သူ့နေရာနှင့်သူ အင်္ဂါအစိတ်အပိုင်းတို့ကို ထိရောက်စိုးမိုးနိုင်သော သတ်မှတ်နေရာဌာနများ ကိုယ်စီရှိကြပါသည်။ နေရာအလိုက် ဖော်ပြရမည်ဆိုသော်…..။

(က) ဦးနှောက်သို့ ထိရောက်သောနေရာသည် ခြေမ အရင်းပိုင်း အတွင်းနေရာဖြစ်သည်။

(ခ) အဆုတ်သို့ ထိရောက်သောနေရာသည် ခြေညှိုးနှင့် ခြေလယ်ကြား ဖြစ်သည်။

(ဂ) နှလုံးသို့ ထိရောက်သောနေရာသည် ခြေသန်းအောက်တည့်တည့် ခြေဖဝါးအလယ်နှင့် မျဉ်းပြိုင်နေရာဖြစ်သည်။

(ဃ) အစာအိမ်ကိုထိရောက်သောနေရာသည် ခြေညှိုးအောက်တည့်တည့် ခြေဖဝါးအလယ်နှင့် မျဉ်းပြိုင်နေရာ ဖြစ်သည်။

(င) ကျောက်ကပ်ကိုထိရောက်သောနေရာသည် ခြေဖဝါး၏ သုံးပုံတစ်ပုံ ခြေဖနောင့်၏ အလယ်တည့်တည့်နေရာဖြစ်သည်။

(စ) အူသိမ် အူမကြီးတို့ကို ထိရောက်နိုင်စေသောနေရာသည် ခြေသန်းတည့်တည့် ခြေဖနောင့်၏ဘေးနေရာ ဖြစ်သည်။

ခြေဖဝါးမှတစ်ဆင့် သက်ဆိုင်ရာအင်္ဂါအစိတ်အပိုင်းတို့၏ ကျန်းမာရေးကို အလိုရှိသောအခါ 'အုန်းမှုတ်ခွက်'ကို စနစ်တကျ နင်းပေးခြင်းဖြင့် ရရှိနိုင်ပါသည်။ တစ်ကြိမ်နင်းလျှင် အချက်ပေါင်း ၁၀၀(တစ်ဖက်လျှင် ၅၀ စီ)နင်းပေးရမည်။ အကြောအခြင်ပြေလျော့၍ အညောင်းအညာပြေပျောက်စေပါသည်။ 'အုန်းမှုတ်ခွက်နင်း ရောဂါကင်း'ဟူ၍ ဆရာ မကွေးဝင်းမြင့်က စာအုပ်တစ်အုပ် ရေးသားခဲ့ဖူးပါသည်။ အုန်းမှုတ်ခွက်နှစ်ခုကို နင်းစရာအဖြစ် အောက်ပါအတိုင်း ပြုလုပ်နိုင်ပါသည်။

အုန်းမှုတ်ခွက်နှစ်ခုကို ရရှိသည်နှင့် ချောမွတ်အောင် ကျားရှာဖြင့် ပွတ်တိုက်ပေးပါ။ ၄" × ၁" သစ်သားပြားကို အရှည် ၁၄" ဖြတ်၍ အုန်းမှုတ်ခွက်အထိုင်ကျစေရန် ၄င်း၏အဝ အတိုင်းအတာအတိုင်း မြောင်းဖော်၍ နေရာချတပ်ဆင်ပါ။ အုန်းမှုတ်ခွက်နှစ်ခု အကွာအဝေး ၄" ရှိနေပါစေ။ အင်မတန်လွယ်ကူသလောက် ငွေကြေးမကုန်သော ကျန်းမာရေးအထောက်အကူပြုပစ္စည်းလေးဖြစ်ပါသည်။ ၉၆ ပါးမက ရောဂါကင်းစင်စေသော နည်းလမ်းကောင်း တစ်ခုဖြစ်ပါသည်။

အုန်းမှုတ်ခွက်နင်းမည်ဆိုလျှင် ခြေထောက်ကို ဒူးအထက်မှ ရေလောင်း၍ ခြေဆေးပေးပါ။ ညအိပ်ရာဝင်မည့်အချိန် ကပ်၍ နင်းပေးလျှင် ပိုကောင်းပါသည်။ ခြေဖဝါးကို နေရာအနှံ့ နင်းပေးခြင်းဖြင့် ခန္ဓာကိုယ်တစ်ခုလုံး၏ ကျန်းမာရေးကို မြှင့်တင်ရာရောက်ပါသည်။ အုန်းမှုတ်ခွက်နင်းခြင်းဖြင့် အပူ၊ အခိုးများ အောက်သို့လျှောဆင်းထွက် ကျသွားပါသည်။ အိပ်ပျော်ခြင်း၊ လူးလိမ့်ညောင်းညာခြင်းမရှိဘဲ သက်သောင့်သက်သာရှိခြင်း၊ အဖျားအနာကင်းစင်ခြင်းဆိုသည့် ပဏာမကျန်းမာရေးအရသာကို ခံစား၊ စံစားရမည်ဟု ယုံကြည်ကြစေလိုကြောင်း မေတ္တာလောင်း၍ ဖော်ပြအပ်ပါသတည်း။

**သောင်းမြင့်ဇော်-သုံးဆယ်မြေ(မန္တလေး)**

# ရက်ပ်အဆိုတော်မှ နိုင်ငံရေးသမားဖြစ်လာသူ ဘာလန်ဒရာရှား နီပေါနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်



**ခတ္တမန္ဒူ မတ် ၂၇**

နီပေါနိုင်ငံ၏ ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သည့် ရက်ပ်အဆိုတော်မှ နိုင်ငံရေးသမားဖြစ်လာသူ ဘာလန်ဒရာရှားသည် နီပေါနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက် ၃၅ နှစ်အရွယ်ရှိ ၎င်း၏ အောင်မြင်မှုသည် နီပေါနိုင်ငံရေးတွင် အရေးပါသော အပြောင်းအလဲတစ်ခုကို ဖော်ညွှန်းနေကာ အထက်တန်းလွှာများ၏ အုပ်ချုပ်မှုအပေါ် စိတ်ပျက်နေကြသော မဲဆန္ဒရှင်များအကြား ၎င်း၏ ပြောင်းလဲမှုဆိုင်ရာ ကတိကဝတ်များက ထောက်ခံမှုများစွာ ရရှိခဲ့သည်။

ဘေလန်ဟု လူသိများသည့် ၎င်းသည် သောကြာနေ့တွင် ရာထူးကို လက်မခံမီ နီပေါနိုင်ငံ၏ အနာဂတ်အပေါ် အကောင်းမြင်စိတ်များဖြင့် ပြည့်နှက်နေသည့် သီချင်းတစ်ပုဒ်ကို ထုတ်ဝေခဲ့သည်။

'မကွဲမပြားသော နီပေါလူမျိုးတို့၊ ယခုတစ်ကြိမ်မှာတော့ သမိုင်းသစ်ကို ရေးထိုးနေပြီဖြစ်သည်'ဟု ၎င်းက ရက်ပ်သီချင်းဖြင့် ဆိုထားပြီး ယင်းသီချင်းသည် ထုတ်ဝေပြီး နာရီပိုင်းအတွင်း ကြည့်ရှုသူ နှစ်သန်းကျော်ရှိခဲ့ကြောင်း သိရသည်။ **Mon**

# ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အခက်အခဲ ကြုံတွေ့နေရစဉ် အီရန်က မလေးရှားသင်္ဘောများကို ဖြတ်သန်းခွင့်ပြု




**ကွာလာလမ်ပူ မတ် ၂၇**

အမေရိကန်၊ အစ္စရေးတို့နှင့် အီရန်နိုင်ငံတို့အကြား ဖြစ်ပွားနေသော ပဋိပက္ခကြောင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အခက်အခဲများ ကြုံတွေ့နေရစဉ်အတွင်း အီရန်နိုင်ငံက မလေးရှားသင်္ဘောများကို ဟော်မုဇ်ရေလက်ကြားမှ ဖြတ်သန်းခွင့်ပြုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မလေးရှားဝန်ကြီးချုပ် အန်ဝါ အီဘရာဟင်မ် ယမန်နေ့က ရုပ်သံမှတစ်ဆင့် ပြောကြားသည့် မိန့်ခွန်း၌ အီရန်နိုင်ငံက ပိတ်ဆို့ထားသည့် အဆိုပါရေလမ်းကြောင်းမှတစ်ဆင့် မလေးရှားသင်္ဘောများကို စောစီးစွာ ဖြတ်သန်းခွင့်ပြုခဲ့သည့်အတွက် အီရန်သမ္မတ မာဆုပီဇက်ရှ်ကီယန်အား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

မလေးရှား ရေနံတင်သင်္ဘောများနှင့် လုပ်သားများ နေရပ်သို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ၎င်းတို့ကို ပြန်လည်လွှတ်မြောက်စေရန် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များရှိနေကြောင်း အန်ဝါက ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရောင်းလိုအား၏ ငါးပုံတစ်ပုံခန့် ဖြတ်သန်းရာ အဆိုပါ ရေလက်ကြားမှတစ်ဆင့် မည်သည့်အခြေအနေများဖြင့် သင်္ဘောမည်မျှ ဖြတ်သန်းခွင့်ရရှိခဲ့သည်ကိုမူ အန်ဝါက အသေးစိတ် ရှင်းလင်းပြောကြားခြင်း မရှိကြောင်း သိရသည်။ **Mon**

# တရုတ်စမ်းသပ် ဂြိုဟ်တုတစ်စုံကို အာကာသသို့ ပို့ဆောင်ရန် လောင်းမတ်ချ်-၂ စီ သယ်ဆောင်ရေးဒုံးပျံကို အသုံးပြုခဲ့

**ပေကျင်း မတ် ၂၇**

မတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် စမ်းသပ်ဂြိုဟ်တုတစ်စုံကို အာကာသသို့ ပို့ဆောင်ရန်အတွက် လောင်းမတ်ချ်-၂ စီသယ်ဆောင်ရေး ဒုံးပျံတစ်စင်းကို အသုံးပြုခဲ့သည်ဟု နိုင်ငံပိုင် အာကာသလုပ်ငန်းကုမ္ပဏီကြီးဖြစ်သည့် တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းက ထုတ်ပြန်ကြေညာကြောင်း သိရသည်။

အဆိုပါ ဒုံးပျံသည် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဂိုဘီသဲကန္တာရရှိ ကျိုချွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ မွန်းလွဲ ၁၂ နာရီ ၁၁ မိနစ်တွင် ပျံတက်သွားခဲ့ပြီး ရှီယန် ၃၃ သုတေသနဂြိုဟ်တုကို သတ်မှတ်ထားသည့် ပတ်လမ်းအတွင်းသို့ မကြာမီအချိန်အတွင်း ပို့ဆောင်ပေးခဲ့သည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လောင်းမတ်ချ်-၂ စီ ဒုံးပျံအမျိုးအစားကို တရုတ်လွှတ်တင်ရေးယာဉ် နည်းပညာအကယ်ဒမီက ထုတ်လုပ်ခြင်းဖြစ်သည်။ ၎င်းသည် အလျား ၄၃ မီတာ၊ အနံ ၃ ဒသမ ၃၅ မီတာရှိပြီး ပျံတက်ချိန်တွင် အလေးချိန် ၂၄၂ ဒသမ ၅ တန်ရှိသည်။ အဆိုပါဒုံးပျံကို ကမ္ဘာပတ်လမ်းနိမ့်နှင့် နေရောင်ခြည်သွားပတ်လမ်းများသို့ ဂြိုဟ်တုများ ပို့ဆောင်ရန် အဓိက အသုံးပြုသည်။

ယခုလွှတ်တင်မှုသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ (၁၉)ကြိမ်မြောက် အာကာသလုပ်ငန်းစဉ်ဖြစ်ပြီး လောင်းမတ်ချ်ဒုံးပျံအုပ်စု၏ (၆၃၅)ကြိမ်မြောက် ပျံသန်းမှုဖြစ်ကြောင်း သိရသည်။ **Mon**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံများအပေါ် ကန့်သတ်ချက်များ အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် ယာယီရုပ်သိမ်းရန် ဂျပန် စီစဉ်နေ



**တိုကျို မတ် ၂၇**

အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသော စွမ်းအင်အခက်အခဲကို ဖြေလျှော့ရန် ကြိုးပမ်းသည့်အနေဖြင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများအပေါ် ကန့်သတ်ချက်များကို ယာယီရုပ်သိမ်းရန် ဂျပန်အစိုးရက စီစဉ်နေကြောင်း သိရသည်။

ကျွမ်းကျင်သူများအဖွဲ့နှင့် ပြုလုပ်သည့် အစည်းအဝေးတစ်ခုတွင် တာဝန်ရှိသူများက အဆိုပါအစီအစဉ်ကို တင်ပြခဲ့ရာ အဖွဲ့ဝင်များက သဘောတူခွင့်ပြုခဲ့ကြောင်း စက်မှုဝန်ကြီးဌာနက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

လောင်စာဆီဈေးနှုန်းများအပေါ် သက်ရောက်မှုရှိနေသော လက်ရှိ အရှေ့အလယ်ပိုင်းအခြေအနေများကြောင့် နောင်လာမည့်ကာလတွင် သဘာဝဓာတ်ငွေ့ရည် ဝယ်ယူရရှိနိုင်မှုနှင့်ပတ်သက်၍ မရေရာမှုများ မြင့်တက်လာနေသည်ဟု ယူဆရကြောင်း အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ခဲ့သည့် အဆိုပါအစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ လည်ပတ်မှုကို တိုးမြှင့်ခြင်းဖြင့် စွမ်းအင်ကို တည်ငြိမ်စွာ ထောက်ပံ့ပေးနိုင်မှုကို သေချာစေရန် လိုအပ်မည်ဟု ယူဆကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်ဟု သိရသည်။

**Mon**

# ကမ်းလွန်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းကြောင့် သြစတြေးလျ သဘာဝဓာတ်ငွေ့ရည်စက်ရုံ နှစ်ရုံ ထုတ်လုပ်မှုရပ်ဆိုင်းခဲ့ရ




**ကင်ဘာရာ မတ် ၂၇**

သြစတြေးလျနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်း မုန်တိုင်းကြောင့် ကမ္ဘာ့အကြီးဆုံး သဘာဝဓာတ်ငွေ့ရည်စက်ရုံ နှစ်ရုံတွင် ထုတ်လုပ်မှုများ ရပ်ဆိုင်းခဲ့ရသည်ဟု စွမ်းအင်ကုမ္ပဏီကြီးဖြစ်သည့် ရက်ဗရွန်က အတည်ပြုခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသ မတည်ငြိမ်မှုများကြောင့် လောင်စာဆီလိုအပ်ချက် မြင့်တက်နေချိန်တွင် အဆိုပါဖြစ်ရပ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ရက်ဗရွန်ကုမ္ပဏီ၏ ထုတ်ပြန်ချက်များအရ သြစတြေးလျနိုင်ငံရှိ ဂေါ်ဂွန်နှင့် ဝှစ်စတုန်း သဘာဝဓာတ်ငွေ့စက်ရုံနှစ်ရုံသည် တစ်ကမ္ဘာလုံးတွင် အသုံးပြုနေသော သဘာဝဓာတ်ငွေ့ရည် စုစုပေါင်း၏ ငါးရာခိုင်နှုန်းကျော်ကို တင်ပို့နေခြင်းဖြစ်သည်။

အနောက်သြစတြေးလျကမ်းလွန်တွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း နာရဲလ် ဖြစ်ပေါ်နေစဉ်အတွင်း ကြာသပတေးနေ့ မွန်းလွဲပိုင်းတွင် စက်ရုံနှစ်ရုံစလုံး၌ ထုတ်လုပ်မှု ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ဂေါ်ဂွန်နှင့် ဝှစ်စတုန်းသဘာဝဓာတ်ငွေ့စက်ရုံများ၌ ထုတ်လုပ်မှု ပြတ်တောက်သွားပြီးနောက် ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ရက်ဗရွန်သြစတြေးလျက ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

**Mon**

## မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၀)၊ ဦးပိုင်အမှတ်(၉၉-က)၊ မြေဧရိယာ(၀ ဒသမ ၀၆၇၂)ဧက အကျယ်အဝန်းရှိ ဦးသိန်းဇံ မြေကွက်နှင့်ပတ်သက်ပြီး(၂၄-၃-၂၀၂၆)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ(၁၈)၌ ကြော်ငြာထားသည့် တရားလွှတ်တော်ရှေ့နေ ဒေါ်တင့်တင့်ရှိန်နှင့် ဦးမြတ်မောင်မောင်(ပါ-၂)ဦးမှ အများသိစေရန် ကြော်ငြာခြင်းအပေါ် ပြန်လည်ရှင်းလင်း အသိပေးကြော်ငြာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၀)၊ ဦးပိုင်အမှတ် (၉၉-က)၊ လမ်း၄၀နှင့် ၇၈လမ်းထောင့်နေ ဒေါ်ခင်လေးလွင်(ဘ)ဦးကျော်သိန်း(၉/မရတ(နိုင်)၀၁၀၅၀၂)၊ ဒေါ်ခင်မာလွင်(ဘ)ဦးကျော်သိန်း(၉/မရတ(နိုင်)၀၁၀၅၀၃)တို့မှ ပြန်လည်ရှင်းလင်း ကြော်ငြာလိုက်ပါသည်။

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၀)၊ ဦးပိုင်အမှတ်(၉၉-က)၊ မြေဧရိယာ(၀ ဒသမ ၀၆၇၂)ဧက အကျယ်အဝန်းရှိ ဦးသိန်းဇံ အမည်ပေါက် ဘိုးဘပိုင်မြေကွက်ဖြစ်ပါသည်။

အချင်းဖြစ်မြေကွက်နှင့်ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၁၁ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်(၆၇)တွင် ဦးကျော်သိန်းနှင့် ဒေါ်သိန်းတင်(၄င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်မမကြူ)အမှုအား(၅-၁၁-၂၀၁၂)ရက်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး(၃)ဦးက အမိန့်ချမှတ်ခဲ့ရာတွင် စာမျက်နှာ-၆ ၌ ဤအထူးအယူခံမှုတွင် ကြားနာလျက်ရှိသော ပြဿနာအပေါ် "အချင်းဖြစ်မြေအား မူလရုံးတရားလိုမှ ၄င်း၏ခင်ပွန်း ဦးသိန်းဇံ အမည်ပေါက်ဖြစ်ကြောင်း မြေပုံ၊ မြေရာဇဝင် တင်ပြထားသော်လည်း ပိုင်ဆိုင်ခွင့်အတွက် ခိုင်လုံသည့်အထောက်အထားမရှိခြင်း၊ တရားလိုက လက်ရောက်ရခဲ့ကြောင်း ပေါ်လွင်မှုမရှိခြင်းတို့ကြောင့် အချင်းဖြစ်မြေအား မူလရုံးတရားလို ဒေါ်သိန်းတင်က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် လက်ရောက်ရထိုက်ခွင့်ရှိကြောင်း ဆုံးဖြတ်ခဲ့သည့် မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုခဲ့သည့် တရားရုံးချုပ်(မန္တလေး)၏တရားမ ပထမအယူခံမှုအမှတ်(၂၅၈/၂၀၀၈)၏ စီရင်ချက်နှင့်ဒီကရီတွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီချမှတ်ခဲ့ခြင်းသည် မှန်ကန်မှုရှိ၍ လက်ရောက်ရထိုက်ခွင့်ရှိကြောင်း ဒီကရီချမှတ်ခဲ့ခြင်းသည် မှန်ကန်မှုတမှု မရှိကြောင်း ဖြေဆိုလိုက်သည်။

ထို့ကြောင့် ဤအထူးအယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြု၍ မန္တလေးတိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့၏ စီရင်ချက်နှင့်ဒီကရီတွင် မူလရုံးတရားလို ဒေါ်သိန်းတင်က အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီကို အတည်ပြုပြီး လက်ရောက်ပေးအပ်စေရန် ဒီကရီကို ပယ်ဖျက်ကြောင်း စရိတ်နှင့်တကွ ဒီကရီချမှတ်လိုက်သည်ဟု ပါရှိသည့်အချက်အရ ဒေါ်သိန်းတင် ကွယ်လွန်သည့်အခါ ၄င်း၏အမွေစားအမွေခံ ဦးမြတ်မောင်မောင်(ပါ-၂)ဦးက အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော မြေကွက်ဖြစ်ကြောင်းမှာ အငြင်းမပွားပါ။ ထို့ကြောင့် ဒေါ်သိန်းတင် အပါအဝင် ဒေါ်သိန်းတင်၏အမွေဆက်ခံသူ ဦးမြတ်မောင်မောင်(ပါ-၂)ဦးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်အရ လက်ရောက်ရထိုက်ခွင့်မရှိသလို လက်ရောက်နေထိုင်ခွင့်လည်း မရှိတော့ပါ။

လူကြီးမင်းတို့၏ကြော်ငြာစာတွင် ကျူးရှင်းလင်းဖယ်ရှားသွားမည်ဖြစ်ကြောင်း ပါရှိသည့်အချက်သည် မည်သည့်ကျူးရှင်းဖယ်ရှားနိုင်သော ကျူးရှင်းလင်းရေးအဖွဲ့မှ အခွင့်အာဏာတစ်စုံတစ်ရာမရှိဘဲ ကြော်ငြာထားသည့်အချက်တွင် ကျွန်ုပ်၏မိတ်ဆွေများသည် ကျူးကျော်ဝင်ရောက်နေထိုင်သူများ မဟုတ်သည့်အချက်ကို ကျူးကျော်ဝင်ရောက်နေထိုင် လေဟန်အကြံအစည်ဖြင့် မမှန်မကန် တမင်သက်သက် ရည်ရွယ်ချက်ရှိရှိ ရေးသားဖော်ပြထားသောကြောင့် လူကြီးမင်းတို့ကို ကျွန်ုပ်မိတ်ဆွေက တန်ပြန်ဖော်ထုတ်တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း အသိပေးကြော်ငြာလိုက်သည်။

ကျွန်ုပ်မိတ်ဆွေများကို ကျူးကျော်ဝင်ရောက်နေထိုင်သူများအား ဥပဒေအကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာချက်သည် ကျွန်ုပ်၏မိတ်ဆွေက ကျူးကျော်ဝင်ရောက်နေထိုင်သူမဟုတ်ဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားမအထူးအယူခံမှုအမှတ်(၆၇-၂၀၁၁)၏ အမိန့်အရ ဦးသိန်းဇံ+ဒေါ်သိန်းတင်နှင့် ဦးကျော်သိန်းတို့ အမှုမဖြစ်ပွားခင်ကတည်းက ဖခင်ဖြစ်သူ ဦးကျော်သိန်းကသာ လက်ရှိလက်ရောက် ယခင်ကတည်းက နေထိုင်ခဲ့သူဖြစ်သောကြောင့် ၄င်း၏အမွေဆက်ခံနေထိုင်ခွင့်အရ သမီးဖြစ်သူ ဒေါ်ခင်မာလွင်နှင့် ဒေါ်ခင်လေးလွင်တို့က ယနေ့တိုင် လက်ရှိလက်ရောက်နေထိုင်သူများဖြစ်ပြီး ဝင်ရောက်ကျူးကျော်နေထိုင်သူများမဟုတ်သဖြင့် လူကြီးမင်းတို့၏ကြော်ငြာစာအား ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိပါက တာဝန်ယူ၊ တာဝန်ခံမှုရှိစေရေးအတွက် လူကြီးမင်းတို့အားလုံးကို တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း အသိပေးကြော်ငြာလိုက်သည်။

**လွှဲအပ်ညွှန်ကြားသူ-**

**ဒေါ်ခင်လေးလွင်** (၉/မရတ(နိုင်)၀၁၀၅၀၂)

**ဒေါ်ခင်မာလွင်** (၉/မရတ(နိုင်)၀၁၀၅၀၃)

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ပိုလ်မင်း**(LL.M, D.B.L, D.I.L)

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၆၄)(၂၉-၁၂-၁၇)**

**၃၂လမ်းထောင့်နှင့် ၆၈လမ်း၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၄၅၅၆၄၉၇၇၊ ၀၉-၆၆၁၂၅၉၄၀၃**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၅)၊ ဦးပိုင်နံပါတ်(၁၂၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်နုနုလွင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နုဝရတ်မြင့်(ဘ)ဦးရဲမြင့်(၁၃/တကန(နိုင်)၁၆၀၂၀၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ

**ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂၀)၊ ဦးပိုင်နံပါတ်(၄၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးကျော်တင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချိုသဲလှိုင်(ဘ)ဦးစိုးသိန်း(၉/မရမ(နိုင်)၀၈၄၃၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ

**ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၆)၊ ဦးပိုင်အမှတ်(၁၄၁-ခ)၊ ဧရိယာ(၀ ဒသမ ၁၂၂၈)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်ဝင်းကြည် (၉/မရမ(နိုင်)၀၆၇၄၆၂)(ဘ)ဦးခန်းဟွာချမ်း အမည်ပေါက်ပြီး ၄င်းထံမှ မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂၄-၆-၂၀၁၄)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၂၃၇/၂၀၁၄)အရ ဒေါ်နှောင်းနှောင်းဦး (၉/ခမစ(နိုင်)၀၀၃၁၁၄)(ဘ)ဦးမောင်မောင်က လက်ရှိပိုင်ဆိုင်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နှောင်းနှောင်းဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဦးနှစ်ဖက်သဘောတူညီကြပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါက်တာဦးကျော်ဝင်း(မန်နေဂျင်းဒါရိုက်တာ)၊ 'မန်းမြေရာဇာ'ကုမ္ပဏီလီမိတက်**

**တိုက်၊ ခြံ၊ အိမ်၊ မြေရောင်းဝယ်ရေးနှင့် မြေအကျိုးတော်ဆောင်လုပ်ငန်း**

**အမှတ်(၅၆)၊ ၇၂လမ်း၊ ၂၈လမ်းနှင့်၂၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၇၁၇၄၈၂၃၇၊ ၀၉-၄၀၀၄၆၅၇၆၄၊ ၀၉-၇၇၇၅၅၅၄၁၄**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၄)၊ ဦးပိုင်အမှတ်(၂-ဈ)၊ ဧရိယာ(၀ ဒသမ ၀၉၄၇)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်မှာ ဒေါ်ကြည်ကြည်(DL-၀၂၅၁၉၉)(ဘ)ဦးဘိုးဆင် အမည်ပေါက် ပိုင်ဆိုင်ပါသည်။ ဒေါ်ကြည်ကြည်၏ခင်ပွန်းမှာ ဦးဂျွန်ထွန်းစိန်ဖြစ်ပြီး (၁)ဒေါ်မေကြည်ထွန်း၊ (၂) ဒေါ်မေစီထွန်း၊ (၃)ဒေါ်ရီရီထွန်း၊ (၄)ဦးယောဟန်ထွန်းတို့ (၄)ဦးကို ထွန်းကားခဲ့ပါသည်။ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကြည်ကြည်သည်(၉-၃-၂၀၁၂)ရက်တွင်လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးဂျွန်ထွန်းစိန်သည် လွန်ခဲ့သော နှစ်(၄၀)ခန့်ကလည်းကောင်း၊ ၄င်းတို့၏သမီးဖြစ်သူ ဒေါ်မေကြည်ထွန်းသည်(၂-၁၂-၂၀၀၇)ရက်ကလည်းကောင်း၊ ဒေါ်မစီထွန်းသည်(၃၁-၃-၂၀၂၀)ရက်ကလည်းကောင်း အသီးသီး ကွယ်လွန်သွားခဲ့ကြသဖြင့် ၄င်းတို့၏ သားသမီးများဖြစ်ကြသည့် ကျန်ရစ်သူ ဒေါ်ရီရီထွန်း(၉/မရမ(နိုင်)၀၁၅၉၂၂)(ဘ)ဦးဂျွန်ထွန်းစိန်၊ ဦးယောဟန်ထွန်း(၉/မရမ(နိုင်)၀၃၃၀၈၁)(ဘ)ဦးဂျွန်ထွန်းစိန်တို့မှ အမွေဆက်ခံပြီး လက်ရှိပိုင်ဆိုင်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရီရီထွန်း၊ ဦးယောဟန်ထွန်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဦးနှစ်ဖက် သဘောတူညီကြပြီးဖြစ်၍ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါက်တာဦးကျော်ဝင်း(မန်နေဂျင်းဒါရိုက်တာ)၊ 'မန်းမြေရာဇာ'ကုမ္ပဏီလီမိတက်**

**တိုက်၊ ခြံ၊ အိမ်၊ မြေရောင်းဝယ်ရေးနှင့် မြေအကျိုးတော်ဆောင်လုပ်ငန်း**

**အမှတ်(၅၆)၊ ၇၂လမ်း၊ ၂၈လမ်းနှင့်၂၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၇၁၇၄၈၂၃၇၊ ၀၉-၄၀၀၄၆၅၇၆၄၊ ၀၉-၇၇၇၅၅၅၄၁၄**

❖ ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် တည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင် ဆောင်ရွက်နေမှုများကို ပြည်နယ်အတွင်း နေထိုင်ကြသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ဆောင်ရွက်သွားကြရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၈၁) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် မတ် ၂၇**

(၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြမည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ် ဒုတိယအဆင့် တစ်ဦးနှင့် တတိယအဆင့် နှစ်ဦး စုစုပေါင်း သုံးဦးတို့အား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ၍ ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊

စာမျက်နှာ ၁၀ သို့ ❍



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၈၁) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ၍ ဂါရဝပြုတွေ့ဆုံစဉ်။

## ပရီးမီးယားလိဂ်၏ မတ်လအတွက်အကောင်းဆုံးဆုများ ဆန်ခါတင်စာရင်းထွက်ပေါ်

**လန်ဒန် မတ် ၂၇**

ပရီးမီးယားလိဂ်မှ လစဉ် လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် မတ်လအတွက် အကောင်းဆုံးဆုများဖြစ်သည့် နည်းပြဆု၊ ကစားသမားဆု၊ သွင်းဂိုးဆုနှင့် အကောင်းဆုံး ကာကွယ်မှုဆုအတွက် ဆန်ခါတင်စာရင်းများ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

အကောင်းဆုံး နည်းပြဆုအတွက် ဆန်ခါတင် ငါးဦးစာရင်းတွင် အာဆင်နယ်အသင်းနည်းပြ အာတီတာ၊ နယူးကာဆယ်အသင်းနည်းပြ အက်ဒီဟောင်း၊ ဆန်းဒါးလန်းအသင်းနည်းပြ လီဘရစ်၊ ဘရိုက်တန်အသင်းနည်းပြ ဟူဇလာ၊ အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မွိုက်စ်တို့ ပါဝင်လာခဲ့သည်။




အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင် ခုနစ်ဦးစာရင်းတွင် မန်ယူအသင်းမှ ဘရူနိုဖာနန်ဒက်စ်၊ အဲဗာတန်အသင်းမှ ဂျိမ်းစ်ဂါနာ၊ နော့တင်ဟမ်အသင်းမှ ဂစ်ဗ်စ်ဝိုက်၊ နယူးကာဆယ်အသင်းမှ ဂေါ်ဒွန်၊ အာဆင်နယ်အသင်းမှ ဒေးဗစ်ရာယာ၊ ဖူလ်ဟမ်အသင်းမှ အီဝိုဘီ၊ ဘရိုက်တန်အသင်းမှ ဝဲလ်ဘက်တို့ ပါဝင်လာခဲ့သည်။

အကောင်းဆုံး သွင်းဂိုးဆုအတွက် ဆန်ခါတင် စာရင်းတွင် နော့တင်ဟမ်အသင်းမှ အန်ဒါဆန်နှင့် ဂစ်ဗ်စ်ဝိုက်၊ ဖူလ်ဟမ်အသင်းမှ အီဝိုဘီ၊ နယူးကာဆယ်အသင်းမှ အိုဆူလာ၊ မန်စီးတီးအသင်းမှ ဘာနာဒိုဆေးလ်ဗား၊ အဲဗာတန်အသင်းမှ အန်ဒီယေး၊ အက်စတွန်ဗီလာအသင်းမှ မက်ဂင်းတို့ ပါဝင်လာသည်။

အကောင်းဆုံး ဂိုးကာကွယ်မှုဆုအတွက် ဆန်ခါတင် ခြောက်ဦးစာရင်းတွင် အဲဗာတန် ဂိုးသမား ပစ်ဖိုဒ်၊ အက်စတွန်ဗီလာဂိုးသမား မာတီနက်ဇ်၊ အာဆင်နယ်ဂိုးသမား ဒေးဗစ်ရာယာ၊ နယူးကာဆယ်ဂိုးသမား ရမ်းစ်ဒေးလ်၊ ဆန်းဒါးလန်း ဂိုးသမား အဲလ်ဘော့ဂ်၊ စပါးဂိုးသမား ဗစ်ကာရီယိုတို့ ပါဝင်လာသည်။

ထို့ကြောင့် ပရီးမီးယားလိဂ်မှ ပေးအပ်သည့် မတ်လအတွက် တစ်လတာအကောင်းဆုံးဆုများကို မည်သည့်နည်းပြ၊ မည်သည့် ကစားသမားများက ဆွတ်ခူးသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)




## တိုမာ့စ်ဆူချက်ခ်ကို ခေါ်ယူရန် အဲဗာတန်အသင်းစီစဉ်

**လန်ဒန် မတ် ၂၇**

အဲဗာတန်အသင်းသည် ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား တိုမာ့စ်ဆူချက်ခ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆၁ ပွဲ ကစားပြီး ၄၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စီစဉ်လာ ခြင်းဖြစ်သည်။

တိုမာ့စ်ဆူချက်ခ်သည် အဲဗာတန်အသင်း နည်းပြ ဒေးဗစ်မွိုက်စ်နှင့် ရင်းနှီးသူတစ်ဦး ဖြစ်သောကြောင့် ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိသည်။

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဝက်စ်ဟမ်းအသင်းထံမှ တိုမာ့စ်ဆူချက်ခ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)